# "ကံမကောင်းမှုမှ ချစ်ခဲ့မှုသို့"

***ဧပြီလ (၅) ရက်၊*** ***တင်ပြသူ - Chhaina, Thailand***

(အရွယ်ရောက်ပြီးသားအမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

Chhaina အနေနဲ့ ယေရှုခရစ်တော်ရဲ့နာမည်ကို မုန်းတီးနေရင်းကြီးပြင်းလာခဲ့ပါတယ်။ Chhaina ဟာ Combodia နိုင်ငံက အဓိကကျတဲ့ကမ္ဘာ့ဘာသာရေးတစ်ပါးမှ အဖွဲ့ဝင်ဖြစ်ပြီး၊ သူနဲ့သူ့မိသားစုဟာ ခရစ်ယာန်ဘာသာကိုမုန်းတီးခဲ့ကြပါတယ်။

ဒါပေမဲ့ သူ့မိသားစုတွေက Chhaina ကို မုန်းတီးလာခဲ့ကြပါတယ်။

Chhaina ရဲ့အဘိုး ရုတ်တရက်သေဆုံးခဲ့တဲ့အခါ အဲ့ဒီမှာပြဿနာစတက်ခဲ့ပါတယ်။ Chhaina အနေနဲ့သူ့အဖိုးကိုအရမ်းချစ်ခဲ့ပြီး၊ သူနဲ့အတူအချိန်တော်တော်များများနေထိုင်ခဲ့ပါတယ်။ဒါပေမဲ့သူတို့ရဲ့ဘာသာရေးမှာတစ်စုံတစ်ဦးနဲ့အချိန်တော်တော်များများနေထိုင်ခဲ့ပြီး၊ဆိုးတဲ့တစ်စုံတစ်ရာဖြစ်ပျက်ပါက သင့်အနေနဲ့ တာဝန်ရှိတယ်လို့ စဉ်းစားသုံးသပ်ခဲ့ကြပါတယ်။ Chhainaရဲ့မိသားစုဝင်တွေကတော့ယောကျ်ားလေးဟာကံမကောင်းဘူးလို့စဉ်းစားခဲ့မိပါတယ်။

နောက်ပြီးတော့ Chhaina ရဲ့ဦးလေးဟာရုတ်တရက်သေဆုံးခဲ့ပြန်ပါတယ်။ Chhaina အနေနဲ့သူ့ဦးလေးနဲ့အချိန်အများကြီးသုံးခဲ့ပါတယ်။သူ့မိသားစုဝင်တွေက သူဟာကံမကောင်းတာဘဲဖြစ်မယ်လို့ စဉ်းစားခဲ့ပြန်ပါတယ်။

အဲ့ဒီနောက်မှာChhaina ရဲ့ မိဘတွေဟာဒေဝါလီခံရခဲ့ပါတယ်။ သူတို့ပိုင်ဆိုင်သမျှအလုံးစုံကိုရောင်းချခဲ့ပေမဲ့၊အကြွေးတွေကျန်နေသေးလို့Chhainaမှလွဲပြီး၊သူတို့မိသားစုတွေဟာ ထိုင်းနိုင်ငံနယ်စပ်သို့ တီဗီစက်ရုံတစ်ရုံမှာ အလုပ်လုပ်ဖို့ ရွှေ့ပြောင်းခဲ့ ရပါတယ်။

"သင့်အသက်တာက ငြိမ်းချမ်းမှုမဖြစ်စေပဲ အဖျက်အစီးပဲဖြစ်စေခဲ့တယ်" ဆို ပြီး မိသားစုဝင်တစ်ဦးကပြောခဲ့ပါတယ်။

"သင်ဟာဘယ်တော့မှမမွေးဖွားရဖို့ဖြစ်တယ်"ဆိုပြီးအခြားမိသားစုဝင်တစ်ဦးကပြောခဲ့တယ်၊

Chhaina ဟာအသက် ၁၈ နှစ်အရွယ်ရှိခဲ့ပြီး အရမ်းအထီးကျန်နေခဲ့ပါတယ်။

ပြီးတော့ သူ့သူငယ်ချင်းတစ်ယောက်အနေနဲ့ မြော်လင့်ခြင်းအသင်းတော် တစ်ပါးကဂီတာသင်တန်းမှာ သူ့ကိုခေါ် ဖိတ်ခဲ့ပါတယ်။ Chhaina အနေနဲ့တော့ အတော့်ကိုစဉ်းစားခဲ့ရပါတယ်။ မြော်လင့်ခြင်းအသင်းသားတွေအနေနဲ့ သခင်ယေရှုကိုချစ်တာ သူသိရှိခဲ့ပြီး၊ သူ့အနေ

နဲ့သခင်ယေရှုကိုမုန်းတီးခဲ့ပါတယ်။ဒါပေမဲ့၊သူ့အနေနဲ့ဂီတာကိုကြိုက်နှစ်သက်ပြီး တီးနည်းတီး ပုံကို တကယ်ပဲ သင်ယူချင်ခဲ့ပါတယ်။

သူ့အနေနဲ့ မြော်လင့်ခြင်းအသင်းတော်ဘုရားကျောင်းသို့သွားခဲ့ပါတယ်။

အဲဒီနောက်ပိုင်းမှာ၊ ဘုရားကျောင်းကဂီတာသင်တန်းမှာ သူတစ်ခါမှမပျက်ကွက်ခဲ့ ပါ။ပါစတာနဲ့သူ့ဇနီးကိုသဘောကျခဲ့မိပါတယ်။ သူ့မိဘတွေဆီကသူကြားခဲ့ရတဲ့ သခင်ယေရှု အကြောင်းနဲ့တမူထူးခြားတဲ့သခင်ယေရှုအကြောင်းကိုသူတို့ပြောပြခဲ့ကြပါတယ်။သူတို့အနေ နဲ့သခင်ယေရှုကသူ့ကိုချစ်တဲ့သူကိုပဲချစ်တာမဟုတ်ပါ၊သူ့ကိုမုန်းတီးသူကိုလည်းချစ်တယ်ဆို တာပြောပြခဲ့ကြပါတယ်။သူ့ချစ်ခြင်းမေတ္တာဟာကြီးမားလွန်းလို့သူ့ကိုမုန်းသူတွေတောင်မှ၊ ထာဝရအသက်ရှင်ဖို့အတွက် သူအသေခံတော်မူခဲ့တယ်လို့ သူတို့က ရှင်းပြခဲ့ကြပါတယ်။

Chhainaအနေနဲ့ဥပုသ်တော်နေ့တိုင်းဘုရားကျောင်းသို့သွားခဲ့ပါတယ်။ သူ့နှလုံးသား ထဲမှာ သခင်ယေရှုအပေါ် သူ့ချစ်ခြင်းမေတ္တာဟာ ကြီးထွားလာခဲ့ပြီး၊ သူနှစ်ခြင်းခံခဲ့ပါတယ်။

သူ့မိဘတွေနဲ့အတူပြန်နေရဖို့အတွက်သူဆုတောင်းခဲ့ပါတယ်။ သူ့အနေနဲ့သူဟာကံမ ကောင်းဘူးလို့စိတ်မပူတော့ဘဲ မိသားစုဝင်တွေကသူ့ကို လက်ခံစေချင်ခဲ့ပါတယ်။

“ကျွန်တော့်မိသားစုနဲ့အတူပြန်ပြီးနေထိုင်ချင်ပါတယ်။ ကျွန်တော့်ဘဝမှာ အခြားဘု ရားတွေကိုမကိုးကွယ်တော့ဘဲ၊ ကိုယ်တော်ကိုပဲယုံကြည်ကိုးကွယ်ပါမယ်လို့ ကတိ ဝန်ခံပါ တယ်” ဆိုပြီး နေ့စဉ်ရက်ဆက် သူဆုတောင်းခဲ့ပါတယ်။

ဒါပေမဲ့ သခင်ယရှုဟာငြိမ်နေသလို ဖြစ်ခဲ့ပါတယ်။ Chhaina အနေနဲ့ခရစ် ယာန်အ သက်တာမှာယုံကြည်မှုအကြောင်းကိုအပြည့်အစုံနားမလည်ခဲ့သေးပါ။ဘာသာရေးမှာသူ့မိ သားစုရဲ့ပါဝင်လုပ်ဆောင်မှုကအဓိကကျခဲ့ပါတယ်။ဒါကြောင့်မို့လို့၊သူဆုတောင်းရင်းနဲ့ပဲယေ ရှုကတုံ့ပြန်လို့ရအောင်ဆိုပြီးသူ့လုပ်ဆောင်မှုအားဖြင့် သက်သေပြဖို့သူဆုံးဖြတ်ခဲ့ပါတယ်။

မြော်လင့်ခြင်းအသင်းတော်ရဲ့ သာသနာလုပ်ငန်းမှာ၊ စေတနာ့အမှုဆောင်အနေနဲ့(၁) နှစ်ကြာလုပ်ဆောင်ခဲ့ပါတယ်။ ပြီးတော့၊ Combodia နိုင်ငံကပြင်သစ်နိုင်ငံသား တစ်ဦးရဲ့သမ္မာ ကျမ်းစာအုပ်တွေပေးကမ်းလှူဒါန်းရာမှာ သူကူညီခဲ့ပါတယ်။ အသင်းတော်အတွက် သူ့လုပ် ဆောင်မှုအားဖြင့်၊သူ့ဆုတောင်းချက်တွေကိုအဖြေပေးဖို့သခင်ယေရှုကိုလက်ခံယုံကြည်မယ် လို့ သူမျှော်လင့်ခဲ့ပါတယ်။ ဒါပေမဲ့ သခင်ယေရှုဟာ အရမ်းငြိမ်နေသလိုဖြစ်ခဲ့ပါတယ်။ အဲ့ဒါနဲ့၊

Chhainaအနေနဲ့စိတ်အားငယ်ခဲ့ပြီး၊"ကိုယ်တော်အတွက်ကျွန်တော်အများကြီးလုပ်ဆောင်နေပါတယ်။ ကျွန်တော့်အတွက် ဘာဖြစ်လို့ တစ်စုံတစ်ခု လုပ်မပေးရတာလဲ" ဆိုပြီး သူဆုတောင်းခဲ့ပါတယ်။

ငါးနှစ်ကြာပြီးတဲ့နောက်မှာ၊ Chhaina ရဲ့မိဘတွေဟာ Combodia နိုင်ငံသို့ပြန်လာခဲ့ကြပါတယ်။ယိုးဒယားနိုင်ငံရဲ့အာဏာပိုင်အဖွဲ့ကသူတို့ရဲ့အလုပ်ဗီဇာတွေကို သက်တမ်းမတိုးပေးတဲ့အတွက်သူတို့အနေနဲ့ရွေးစရာမရှိခဲ့ကြပါ။ သူတို့မှာနေထိုင်စရာ မြေကွက်နဲ့အိမ်မရှိခဲ့ကြတဲ့အတွက် သူငှားထားတဲ့အိမ်မှာအတူတူနေထိုင်ဖို့ Chhaina ရဲ့ခေါ် ဖိတ်မှုကိုသူတို့လက်ခံခဲ့ကြပါတယ်။ သူတို့အနေနဲ့သွားစရာမရှိကြလို့ သူ့ရဲ့ကံမကောင်းမှုဟာပြဿနာမဟုတ်ပါ။

ဥပုသ်တော်နေ့မှာ၊Chhainaအနေနဲ့"မိဘတွေမှာပိုက်ဆံမရှိတဲ့အတွက်ကျွန်ုပ်တို့အားလုံး ဟိုမှာထမင်းစားလို့ရမှာပါ" ဆိုပြီး သူ့မိဘတွေကိုဘုရားကျောင်းသို့ ခေါ် ဖိတ်ခဲ့ပါတယ်။

အသင်းသားတွေဟာ သူ့မိဘတွေကိုနွေးထွေးစွာကြိုဆိုခဲ့ကြပြီး၊ သူ့မိဘတွေကလဲ မိတ်သဟာယဖွဲ့မှုနဲ့အစားအစာကိုကြိုက်နှစ်သက်ခဲ့ပါတယ်။ နောက်ဥပုသ်နေ့မှာ၊ မိသဟာယဖွဲ့မှုနဲ့အစားအစာအတွက် သူတို့ပြန်လာခဲ့ကြပြီး၊ သူတို့ရဲ့နှလုံးသားတွေဟာ နူးညံ့လာခဲ့ပါတယ်။ဘုရားကျောင်းကသခင်ယေရှုအကြောင်း သူတို့ကြားခဲ့ရတာဟာ နှစ်ပေါင်းများစွာသူတို့မှန်းတီးခဲ့တဲ့၊သခင်ယေရှုနဲ့ဆိုရင် တစ်ခြားစီဖြစ်ခဲ့ပါတယ်။ ၁နှစ်ကြာတဲ့အခါ၊ Chhaina ရဲ့မိဘတွေဟာ နှစ်ခြင်းခံခဲ့ကြပါတယ်။

အဲ့ဒါဟာ Chhaina အတွက်အကြီးမားဆုံးအံ့ဖွယ်ဖြစ်ရပ်ဖြစ်ခဲ့ပါတယ်။ကန်ဘောဒီးယားနိုင်ငံသို့ သူ့မိဘတွေပြန်လာဖို့ သူ့ဆုတောင်းချက်ကို သခင်ယေရှုအဖြေပေးခဲ့ရုံသာမက၊ သူတို့ရဲ့နှလုံးသားတွေကိုလည်း အနိုင်ယူခဲ့ပါတယ်။ သူဆုတောင်းတာထက် သခင်ယေရှုကပိုပြီးတော့လုပ်ဆောင်ပေးခဲ့ပါတယ်။ သူအရမ်းအံ့သြခဲ့ပြီး၊ သူလုပ်ဆောင်ခဲ့တဲ့တစ်စုံတစ်ရာကြောင့်မဟုတ်ပဲ သူဟာသခင်ယေရှုဖြစ်လို့ သူ့ဆုတောင်းချက်ကို သခင်ယေရှုကဖြေပေးခဲ့တာဖြစ်ကြောင်း သူ သဘောပေါက်ခဲ့ပါတယ်။

ယခုအချိန်မှာ၊ Chhaina အနေနဲ့ကံမကောင်းသူလို့မခံစားရတော့ပါ။ သခင် ယေရှုက သူ့ကိုချစ်တယ်လို့သူခံစားခဲ့ရပါတယ်။ သူ့အသက်တာတစ်လျှောက်လုံးမှာ သခင်ယေရှုရဲ့အမှုတော်ထမ်းဆောင်ဖို့ ကတိဝန်ခံချက်ကို သူ မမေ့လျော့ခဲ့ပါ။

ယခုအချိန်မှာ၊အမှုတော်ဆောင်ဖို့အတွက်ယိုးဒယားနိုင်ငံကAsia-Pacific Internatio - nal University မှာ ပညာသင်ယူနေပါတယ်။ ၁၃ပတ်ဥပုသ်နေ့အလှူငွေအား ဖြင့် Asia-Pacific International University မှာပညာသင်ယူတဲ့ထောင်နဲ့ချီတဲ့ကျောင်းသားတွေထဲမှာ Chhaina လည်း ပါဝင်ခဲ့ပါတယ်။

၁၉၈၈ခုနှစ် ၁၃ပတ်ဥပုသ်နေ့အလှူငွေတစ်ချို့အားဖြင့် Thailand Mission College ရဲ့နယ်မြေကိုဆောက်လုပ်ခဲ့ပါတယ်။နောက်၃၆နှစ်ကြာတဲ့အခါ၊အဲဒီ၁၃ပတ်ဥပုသ်နေ့အလှူငွေ က Chhaina နဲ့ အခြားလူများကိုဆက်လက်ပြီးကူညီထောက်ပံ့နိုင်ခဲ့ပါတယ်။

သာသနာလုပ်ငန်းအတွက်သစ္စာရှိရှိသင်တို့ရက်ရောစွာလှူဒါန်းခဲ့တဲ့အလှူငွေအတွက် အထူး ကျေးဇူးတင်ပါတယ်။

-0-

# "ထာဝရအသက်ရှင်တာ သခင်ဘုရားပဲ"

***ဧပြီလ(၁၂)ရက်၊*** ***တင်ပြသူ- Surachet, Thailand နိုင်ငံ***

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

**စာတည်းရဲ့မှတ်ချက်** - ယနေ့ဖြစ်ရပ်မှန်ဝတ္ထုဟာ လွန်ခဲ့တဲ့ ၂၇ နှစ်တုန်းကကောက်ခံရရှိခဲ့တဲ့ ၁၃ ပတ်ဥပုသ်နေ့အလှူငွေ ၂ခုအားဖြင့် သူ့အသက်တာကိုတွေ့ထိစေခဲ့တဲ့၊ ယိုးဒယားနိုင်ငံက အမျိုးသားတစ်ဦးအကြောင်းဖြစ်ပါတယ်။

Surachet ဟာကတိဝန်ခံချက်တစ်ခုနဲ့ယိုးဒယားနိုင်ငံကမြော်လင့်ခြင်းအသင်းတော် ရဲ့အထက်တန်းကျောင်းသို့ ရောက်လာခဲ့ပါတယ်။

"ကျွန်တော် ဘော်ဒါဆောင်မှာနေမယ်။ ဒါပေမဲ့ ကျွန်တော့်ဘာသာရေးကိုတော့ဘယ် တော့မှပြောင်းလဲမှာမဟုတ်ဘူး" ဆိုပြီး မိမိကိုယ်ကိုပြောခဲ့ပါတယ်။

Surachetဟာခရစ်ယာန်မဟုတ်တဲ့ဘာသာတခုကနေကြီးပြင်းလာခဲ့ပါတယ်။ ယိုးဒ ယားနိုင်ငံရဲ့လူဦးရေအများစုဟာ အဲ့ဒီဘာသာမှာပဲ ပါဝင်ကိုးကွယ်ကြပါတယ်။ အိမ်နဲ့ အလှမ်း ဝေးတဲ့ကျောင်းသားတွေအတွက်၊ ဘော်ဒါဆောင်တစ်ခုရှိလို့သူကဒီကျောင်းကိုရွေးခဲ့တာဖြစ် တယ်။သူဟာကျောင်းနဲ့မိုင်ပေါင်း၆ရာဝေးတဲ့မြောက်ပိုင်းယိုးဒယားနိုင်ငံမှာနေထိုင်ခဲ့ပါတယ်။

မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာ၊ Surachet အနေနဲ့စာသင်ခန်းမှာကမ္ဘာ့ယဉ်ကျေးမှုအကြောင်းက သူ့ကိုဆွဲဆောင်ခဲ့ပါတယ်။ သမ္မာကျမ်းစာအကြောင်း သင်ယူတဲ့အခါ၊ ဒံယေလကျမ်းထဲကကမ္ဘာ့နိုင်ငံကြီးတွေရဲ့ ကြီးထွားမှုနဲ့ပြိုလဲမှုအကြောင်း အနာဂတ်ဖြစ်ရပ်တွေကိုသူကြားခဲ့ရလို့ သူအရမ်းအံ့သြခဲ့မိပါတယ်။

အဲဒီအတောအတွင်းမှာပဲ၊ ၁၉၆၇ ခုနှစ်ကသတင်းစာရဲ့ခေါင်းစီးမှာ အိမ်နီးချင်းအာရပ်နိုင်ငံတွေကို၆ရက်ကြာစစ်တိုက်ပြီး၊ဣသရေလနိုင်ငံကစစ်နိုင်ခဲ့တာကိုသတိရမိခဲ့ပါတယ်။ သူ့အနေနဲ့ ၁၉၄၈ ခုနှစ်မှာတည်ထောင်ခဲ့တဲ့ သေးငယ်သောဣသရေလနိုင်ငံက ပိုပြီးကြီးမားလာရုံမက၊ နိုင်ငံတည်ထောင်ခဲ့တာကြာပြီဖြစ်တဲ့ အိမ်နီးချင်းနိုင်ငံတွေကိုပါစစ်နိုင်လို့ရခဲ့တာ သူအံ့သြမိခဲ့ပါတယ်။ ဂျူးလူမျိုးတွေရဲ့ဇစ်မြစ်ကိုလည်း သူအံ့သြမိခဲ့ပါတယ်။

"ကျွန်တော်တို့သမ္မာကျမ်းစာထဲကသင်ကြားနေရတဲ့ဣသရေလနိုင်ငံနဲ့အခုခေတ်ဣသရေလနိုင်ငံ၊ အတူတူပဲလား" ဆိုပြီး သူက စဉ်းစားခဲ့ပါတယ်။

သူ့အနေနဲ့ ပိုများတဲ့သတင်းအချက်အလက်တွေကို စူးစမ်းရှာဖွေခဲ့ပြီး၊ ယိုးဒယားလူမျိုးအဘိဓမ္မာဆရာကြီးတစ်ဦးက ဂျူးလူမျိုးအကြောင်းကိုရေးသားခဲ့တဲ့စာ အုပ်တစ်အုပ်ရှာတွေ့ခဲ့ပါတယ်။ Surachetလိုပဲခရစ်ယာန်မဟုတ်တဲ့စာရေးဆရာအနေ နဲ့နှစ်ပေါင်းထောင်ချီရှိတဲ့ ဣသရေလနိုင်ငံရဲ့ ရာဇဝင်ကိုမှတ်တမ်းတင်ခဲ့ပါတယ်။

Surachetအနေနဲ့သူ့မိသားစုရဲ့ဘာသာရေးကိုစဉ်းစားခဲ့ပြီး၊"ဣသရေလလူမျိုးတွေရဲ့ဘုရားဟာမှန်တဲ့ဘုရားလား" ဆိုပြီး သူက အံ့သြခဲ့ပါတယ်။

သမ္မာကျမ်းစာက ဣသရေလလူမျိုးတွေရဲ့ သခင်ဘုရားဟာ လူ့လက်နဲ့မထုလုပ်တဲ့ ထာဝရအသက်ရှင်တဲ့ဘုရားဖြစ်ကြောင်း သွန်သင်ခဲ့တာကို သိရှိနားလည်ခဲ့ပါ တယ်။ ယေရမိ ၁၀း၁၀ ထဲမှာ၊ "ထာဝရဘုရားမူကား၊ မှန်သောဘုရား၊အသက်ရှင် သောဘုရား၊ နိစ္စထာဝရဘုရင်ဖြစ်တော်မူ၏။ အမျက်ထွက်လျှင်မြေကြီးတုန်လှုပ်၏။ လူအမျိုးမျိုးတို့သည်အမျက်တော်ကိုမခံနိုင်ကြ" လို့ ပြောထားပါသည်။

Surachet အနေနဲ့ဗျာဒိတ်တော်အသံဌာနကနေသမ္မာကျမ်းစာထဲကသင်ခန်းစာတွေကို လေ့လာဖို့ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီအချိန်မှာ၊ နှစ်ပေါင်းများစွာကြာပြီးဖြစ်တဲ့၊ ၁၉၆၁ ခုနှစ်က ၁၃ပတ် ဥပုသ်နေ့အလှူငွေနဲ့ကူညီထောက်ပံ့ခဲ့တဲ့ ယိုးဒယားနိုင်ငံရဲ့ မြို့တော်

ဘန်ကောက်မှာအဆောက်အအုံတစ်ခုကိုလက်ခံရရှိခဲ့ပါတယ်။ အဲဒီဗျာဒိတ်တော်အသံဌာန ဟာလဲကြီးပွားတိုးတက်ခဲ့ပါတယ်။ Surachet အနေနဲ့ တစ်ပတ်အတွင်းမှာပဲ ဗျာဒိတ်တော် အသံသင်ခန်းစာတွေကိုလေ့လာဖြေဆိုတာပြီးဆုံးခဲ့ပါတယ်။ပြီးတော့မှန်ကန်ပြီးအသက်ရှင် တဲ့ ဘုရားဆီမှာ သူ့နှလုံးသားကိုဆက်ကပ်ဖို့ သူဆုံးဖြတ်ခဲ့ ပါတယ်။

Surachet အနေနဲ့နှစ်ခြင်းခံဖို့ ခွင့်ပြုချက်တောင်းဆိုတဲ့အခါ၊ သူ့အဖေဟာအရမ်း ဒေါသထွက်ခဲ့ပါတယ်။"သင့်အနေနဲ့ခရစ်ယာန်ဖြစ်ချင်တယ်ဆိုရင်သူတို့ဆီမှာပဲသွားနေတော့.. .၊ အိမ်ပြန်မလာနဲ့" ဆိုပြီး အဖေက ပြောခဲ့ပါတယ်။

Surachet အနေနဲ့အသက်ရှင်တဲ့သခင်ဘုရားရဲ့လက်အောက်မှာသူ့အသက်တာတိုး တက်မှုမရှိခဲ့ရင် သူအိမ်ပြန်လာမယ်လို့ ပြန်ပြောခဲ့ပါတယ်။

Surachet အနေနဲ့နောင်တမရခဲ့ပါ။ သူ့အနေနဲ့ ရှေ့ဆက်ပြီးဘုရားတရားဘာသာ၊ တက္ကသိုလ်ပထမဘွဲ့နဲ့ မဟာဘွဲ့၊ Missiologyဘာသာမှ ဒေါက်တာဘွဲ့အတွက် ပညာသင်ယူ ခဲ့ပါတယ်။ သူဟာ ယိုးဒယားနိုင်ငံက မြော်လင့်ခြင်းအသင်းတော်မှာအသင်းအုပ်ဆရာ၊ သာသ နာ့ဆက်သွယ်ရေးဌာနညွှန်ကြားရေးမှူး၊ကမ္ဘာ့မြော်လင့်ခြင်းရေဒီယိုအသံလွှင့်ဌာနမှာနယ်ပယ် ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးအနေနဲ့ အလုပ်လုပ်ခဲ့ပါတယ်။

သူ့အနေနဲ့အသက်ရှင်တဲ့ဘုရားအကြောင်းကို သူတပါးဆီမှာ သွန်သင်ချင်ပါတယ်။ ယခုအချိန်မှာ၊ သူ့အနေနဲ့ယိုးဒယားနိုင်ငံမှာ ၁၉၈၈ခုနှစ်က ဥပုသ်နေ့အလှူငွေတစ်ခုရဲ့ကူညီ ထောက်ပံ့မှုဖြင့်တည်ဆောက်ခဲ့တဲ့ **Asia-Pacific International University** မှာစာသင် ကြားပေးနေပါတယ်။ သူ့အနေနဲ့ သူ့ကျောင်းသားတွေကိုယိုးဒယားနိုင်ငံမှာ နှစ်ပေါင်း၂၀၀ ကျော် တုန်းက ခရစ်ယာန်ဘာသာရေးထဲသို့ဝင်လာစေခဲ့ပြီး၊ ၁၉၀၆ခုနှစ်ဓမ္မစာပေရောင်းချတဲ့ အခါ၊ မြော်လင့်ခြင်းအသင်းတော်သို့ရောက်ရှိလာခဲ့တယ်လို့ ပြောပြခဲ့ပါတယ်။

မြော်လင့်ခြင်းအသင်းတော်ရောက်လာခဲ့တာ နှစ်ပေါင်းတစ်ရာကျော်ပေမဲ့၊ အသင်း တော်ဦးရေဟာ ၁၆၀၀၀ မကျော်ခဲ့ပဲ၊ ယိုးဒယားနိုင်ငံရဲ့ လူဦးရေ၇၁သန်းရဲ့ ၀.၀၂ ရာခိုင်နှုန်းသာ ရှိခဲ့ပါတယ်။

"ကျွန်ုပ်တို့ရဲ့နိုင်ငံဟာ ကမ္ဘာမှာအခက်ခဲဆုံးနိုင်ငံတွေထဲမှာ တစ်နိုင်ငံဖြစ်ပါတယ်။ တစ်ချို့နေရာတွေမှာ၊စာတန်ရဲ့ခုခံမှုနဲ့ ဆန့်ကျင်မှုအားဖြင့်သူ့အလုပ်ကို လုပ်ခဲ့ရပါတယ်။ ဒီနိုင်

ငံမှာကတော့ခရစ်ယာန်ဘာသာရေးကိုကြိုဆိုပါတယ်။ဒါပေမဲ့စာတန်ရဲ့ကိုယ်စားလှယ်တွေထဲမှာယဉ်ကျေးမှုဆိုင်ရာယုံကြည်ချက်ဟာအရမ်းသန်စွမ်းနေပါတယ်။ကျွန်ုပ်တို့အနေနဲ့အသွေးအသားနဲ့တိုက်ခိုက်နေကြတာမဟုတ်ပဲ၊နတ်ဆိုးတွေနဲ့တိုက်ခိုက်နေကြတာပါ။ကျွန်ုပ်တို့ကစာတန်နဲ့တိုက်ခိုက်နေကြတာပါ။ကျွန်ုပ်တို့အနေနဲ့ယိုးဒယားနိုင်ငံမှာအမှုတော်ဆောင်တွေများစွာလိုအပ်နေပါတယ်" ဆို ပြီး သူက ပြောပြခဲ့ပါတယ်။

Surachet Insom လို လူတွေရဲ့အသက်တာအပေါ် အဓိကကျတဲ့အကျိုးသက်ရောက်မှုရှိတဲ့၊ သစ္စာရှိရှိလှူဒါန်းခဲ့တဲ့ ၁၃ ပတ်ဥပုသ်နေ့အလှူငွေအတွက် အထူးကျေးဇူးတင်ပါတယ်။ Surachet စာသင်ကြားပေးနေတဲ့ APIU က ၁၉၈၈ ခုနှစ်ရဲ့ ၁၃ ပတ်ဥ ပုသ်နေ့အလှူငွေအားဖြင့် နယ်မြေတည်ဆောက်ရာမှာ ကူညီပံ့ပိုးပေးတဲ့ အချိန်ကစပြီး ထောင်နဲ့ချီတဲ့ကျောင်းသားတွေအတွက် ခရစ်ယာန်ပညာရေးကိုစီစဉ်ပေးခဲ့ပါတယ်။

နှစ်တိုင်းဘဲ၊ သူတို့အိမ်ကနေသူတို့အိမ်ကနေခရစ်ယာန်မဟုတ်တဲ့ကျောင်းသားတွေတက္ကသိုလ်မှာနှစ်ခြင်းခံခဲ့ပါတယ်။ ၁၉၆၁ ခုနှစ်ရဲ့ ၁၃ ပတ်ဥပုသ်နေ့အလှူငွေနဲ့ကူညီထောက်ပံ့ခဲ့လို့ ဘန်ကောက်မှာဖွင့်လှစ်တည်ထောင်ခဲ့တဲ့ ဗျာဒိတ်တော်အသံဌာနအဆောက်အအုံကိုဖြိုချခဲ့ပါတယ်။ Surachet နဲ့အခြားလူတွေရဲ့အသက်တာ အားဖြင့်သူ့ဩဇာက ဆက်လက်ပြီးအကျိုးသက်ရောက်မှုရှိဖို့အတွက်၊ အဲ့ဒီနေရာမှာ အသင်းတော်ရဲ့ အဆောက်အအုံတွေကိုဆောက်လုပ်ခဲ့ပါတယ်။

သင်ဘုရားရဲ့ မစမှုဖြင့်တာရှည်ခံတဲ့ အကျိုးသက်ရောက်မှုရှိရမှာဖြစ်လို့၊ဇွန် လ ၂၈ ရက်နေ့ဥပုသ်တော်နေ့မှာသင်တို့အနေနဲ့အလှူငွေကိုရက်ရောစွာလှူဒါန်းဖို့စီစဉ်နေတဲ့အတွက် အထူး ကျေးဇူးတင်ပါတယ်။

-o-

## "သာသနာပြုသူ ဒါမှမဟုတ် အပန်းဖြေသူ"

***ဧပြီလ (၁၉)ရက်၊*** ***တင်ပြသူ-Renato, Thailand***

(အရွယ်ရောက်ပြီးသားအမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

Renato အနေနဲ့ယိုးဒယားနိုင်ငံ၊ ဘန်ကောက်မြို့ကြီးက သူ့တိုက်ခန်းရဲ့ ညှော်သည် စောင့် အခန်းမှာမနက်စောစောထပြေးဖို့အဆင်သင့်ပြင်ဆင်ခဲ့ပါတယ်။အသက် ၃၂ နှစ်အရွယ်

ရှိတဲ့မြော်လင့်ခြင်းအသင်းသား စေတနာ့အမှုတော်ဆောင်တစ်ဦးဟာ မြော်လင့်ခြင်းအသင်းတော်ကျောင်းတစ်ကျောင်းမှာ၊ သာသနာပြုဆရာတစ်ဦးအနေနဲ့ အမှုတော်ဆောင်ဖို့တစ်ရက်စောရောက်လာခဲ့ပါတယ်။ အသက်ကြီးတဲ့အမျိုးသမီးတစ်ယောက်က သူ့ဆီလာပြီး၊ "သင်ကဘယ်သူလဲ" ဆိုပြီး ပွင့်လင်းစွာမေးခဲ့ပါတယ်။

"ကျောင်းဆရာအသစ်တစ်ဦးပါ" ဆိုပြီး Renato က ပြောခဲ့ပါတယ်။ "ဘယ်ကလဲ" ဆိုပြီးသူမကပြန်မေးလိုက်တာ့၊ "ဘရာဇီးလ်နိုင်ငံကပါ"ဆိုပြီး Renato က ပြန်ပြောခဲ့ပါတယ်။

"သင်နေတဲ့အိမ်နဲ့အတော်ဝေးတာဘဲနော်။ သင့်အနေနဲ့ကျောင်းမှာစာသင်ကြားပေးမလား" ဆိုပြီးသူမကပြန်မေးလိုက်တော့၊ "ဟုတ်ကဲ့ပါ"ဆိုပြီး Renato ကပြန်ပြောခဲ့ပါတယ်။

"ဒါဆိုရင် ဒီနေ့ကစပြီးတော့၊ သင်ဟာကျွန်မသားဖြစ်ရမှာ။ ကျွန်မပြုစုကျွေးမွေးပါ့မယ်" ဆိုပြီး သူမက ပြောခဲ့ပါတယ်။

နောက်တစ်နေ့ကျဉပုသ်နေ့ဖြစ်ပြီး၊ ဘုရားကျောင်းမှာအဲဒီအမျိုးသမီးအနေနဲ့ သူ့ခင်ပွန်းသည်ဆီမှာ Renato ကို မိတ်ဆက်ပေးခဲ့ပါတယ်။

ဒါကြောင့်မို့ သင်ဟာအသစ်သော ကျွန်တော့်သားဖြစ်ပါတယ်။ သင့်အိမ်နဲ့အစားအသောက်အတွက်စိတ်မပူပါနဲ့။ အလုပ်ကိုသာအကောင်းဆုံးဖြစ်အောင်လုပ်ပါ။ ကျွန်ုပ်တို့သင့်ကိုကျွေးမွေးပြုစုပါမယ်" ဆိုပြီး သူက ပြောခဲ့ပါတယ်။

နောက်၂ပတ်မှာ၊ အသက်ကြီးတဲ့စုံတွဲအနေနဲ့ "ဒီမှာလာခဲ့ပြီး အတူတူလှက်ရည်သောက်ကြရအောင်"ဆိုပြီး Renato ကို သူ့တိုက်ခန်းသို့ နေ့တိုင်းခေါ် ဖိတ်ခဲ့တယ်။

အဘိုးကြီးက၊"နောက်တစ်နေ့အတွက်စိတ်ထဲမှာရှိတဲ့အရာတွေပြောပြပါဦး။သင့်အနေနဲ့တစ်စုံတစ်ခုလိုအပ်ပါသလား" ဆိုပြီး ပြောခဲ့ပါတယ်။

၁၅ရက်မြောက်တဲ့နေ့မှာ၊ အဘိုးကြီးက၊ "သင့်အနေနဲ့ယိုးဒယားနိုင်ငံမှာလာ တာဟာသာသနာပြုဖို့လား၊ ဒါမှမဟုတ် အပန်းဖြေဖို့လား" ဆိုပြီး Renato ကိုမေးခဲ့ပါ တယ်။ Renato အနေနဲ့ ဘာပြောရမှန်းမသိလို့ ဘာမှပြန်မပြောခဲ့ပါ။

အဘိုးကြီးက"သင်စဉ်းစားနော်။ ဒီမှာလာတာဟာ သာသနာပြုဖို့လား၊ ဒါမှမဟုတ်အပန်းဖြေဖို့လား" ဆိုပြီး ပြန်မေးခဲ့ပါတယ်။

Renato အနေနဲ့သူသိချင်တာသိခဲ့ရပါပြီ။ ယိုးဒယားနိုင်ငံဟာထူးဆန်းအံ့ဩစရာကောင်းတဲ့နေရာဖြစ်ပါတယ်။တောင်ပိုင်းမှာလှပတဲ့ကမ်းခြေတွေရှိပြီး၊"ပြုံးရွှင်တဲ့တိုင်းပြည်" လို့နာမည်ကျော်ကြားခဲ့ပါတယ်။ ပြည်သားတွေကညှော်သည်တွေကို ပျူငှာစွာနှုတ်ဆက်ကြပါတယ်။ ပျော်စရာတွေဟာ သာသနာပြုဆရာတွေ အတွက် စိတ်အနှောင့်အယှက်ဖြစ်စေနိုင်လို့ Renato အနေနဲ့အဘိုးကြီးကို ပြန်ဖြေလို့မရခဲ့ပါ။

၁၆ ရက်မြောက်တဲ့နေ့ ၊ ဥပုသ်နေ့တစ်နေ့မှာ Renato အနေနဲ့ ဘုရားကျောင်းမှာသွားပြီးတော့သူ့ကိုမွေးစားခဲ့တဲ့စုံတွဲအားသွားပြီး နှုတ်ဆက်စကားပြောခဲ့ပါတယ်။ သူ့အနေနဲ့သူတို့နဲ့ အားလာပ သားလာပလုပ်ချင်ပေမဲ့၊ သူ အချိန်မရခဲ့ပါ။

သူ့အနေနဲ့ အရင်ဆုံးဘုရားဝတ်ပြုအစီအစဉ်မှာ ပါဝင်ခဲ့ပါတယ်။ ပြီးတော့အရွယ်ရောက်ပြီးသားလူငယ်အဖွဲ့ကို ကြိုရာထမင်းဟင်းစားတဲ့နေရာမှာ ဦးဆောင်ခဲ့ရပါတယ်။ အဲ့ဒီနောက်မှာ၊သူဟာခြေကုန်လက်ပန်းကျပြီး မွန်းလွဲပိုင်း ၃း၃၀ မှာခဏအိပ်ဖို့အတွက်အိမ်ပြန်ရန် စီစဉ်ခဲ့ပါတယ်။

ခေတ္တခဏမှေးနေတဲ့အတောအတွင်းမှာပဲ၊သူ့ကိုမွေးစားခဲ့တဲ့မိဘတွေရဲ့သမီးက၊"အဖေနေမကောင်းလို့ကျေးဇူးပြုပြီးဆုတောင်းပေးပါအုံး"ဆိုပြီးဖုန်းဆက်စကားပြောခဲ့ပါတယ်။

Renato အနေနဲ့သူ့ ညဝတ်အင်္ကျီနဲ့ တိုက်ခန်းကနေထွက်လာခဲ့တော့ လူနာတင်ကား၂စီးဝင်လာတာကိုမြင်တွေ့ခဲ့ရပါတယ်။ ပြီးတော့ သူ့ကိုမွေးစားခဲ့တဲ့ သူ့အဖေသေဆုံးကြောင်းသတင်းကိုကြားခဲ့ရပါတယ်။ အဲ့ဒါဟာမမျှော်လင့်ပဲဖြစ်ပေါ်လာတဲ့အရာတွေပါ။"ဘာတွေဆက်ဖြစ်လာမလဲ။ အမေရော ဘာတွေဖြစ်ပျက်လာမလဲ" ဆိုပြီး သူ စဉ်းစားခဲ့ပါတယ်။

Renato အနေနဲ့ အသုဘအခမ်းအနားအတွင်းမှာ၊ "ကျွန်တော့်ကိုမွေးစားခဲ့တဲ့အဖေ့မေးခွန်းကိုဖြေဖို့အတွက်ကျွန်တော့်ကိုခွန်အားပေးတော်မူပါ။ ဒီမှာလာတာ သာသနာပြုဖို့လားဒါမှမဟုတ် အပန်းဖြေဖို့လား" ဆိုပြီး စိတ်နှလုံးအကြွင်းမဲ့ သူ ဆုတောင်းခဲ့ပါတယ်။

အသုဘအခမ်းအနားပြီးဆုံးပြီးတဲ့နောက်၊ Renatoအနေနဲ့သူ့ကိုမွေးစားတဲ့အမေ့ဆီမှာ "ကျွန်တော်ဒီမှာလာတာအပန်းဖြေဖို့မဟုတ်ပဲသာသနာပြုဖို့ဖြစ်တယ်" ဆိုပြီး ပြောခဲ့ပါတယ်။

သူ့အနေနဲ့ ပြင်းထန်တဲ့ခံစားမှုဆိုင်ရာတုန်လှုပ်မှုဖြင့် အဲဒီဆုံးဖြတ်ချက်ကိုချခဲ့ရတာပါ။ ဒါပေမဲ့ အဲ့ဒီပြင်းထန်တဲ့တုန်လှုပ်မှုကြီးကဆုံးဖြတ်ချက်ချဖို့အတွက် သူ့ကို ခွန်အားပေးခဲ့ပါတယ်။ သူ့အနေနဲ့ အဲဒီဆုံးဖြတ်ချက်ကို စောစောကတည်းကလုပ်ချင်ခဲ့တာပါတယ်။

သာသနာပြုဆရာတစ်ဦးဖြစ်ဖို့ဆုံးဖြတ်ပြီးခဲ့တဲ့အခါ၊ဘာမဆိုသူ့နေရာနဲ့သူကျလာသလိုဖြစ်ခဲ့ပါတယ်။ ယခင်က၊ Renato နောက်နောင်ကျမှပဲသာသနာလုပ်ငန်းမှာပါဝင်မယ်လို့စဉ်းစားခဲ့တာပါ။ သူ့အသက်ဟာ၃၆နှစ်ရှိခဲ့ပါပြီ။ သာသနာပြု အမှုတော်ဆောင်အများစုဟာ အသက်၂၀ ဝန်းကျင်ဖြစ်ကြပါတယ်။

"ကျွန်တော်ဘာဖြစ်လို့အခုမှပဲစတင်ရတာလဲ"ဆိုပြီးသူကစဉ်းစားခဲ့ပါတယ်။လူတွေက၊ "စေတနာ့အမှုဆောင်တစ်ဦးအနေနဲ့ ဘယ်လောက်ကြာကြာလုပ်မလဲ" ဆိုပြီးမေးလိုက်တဲ့အခါ၊ သူ့ကိုစိတ်ရှုပ်စေခဲ့လို့ သူက အဖြေပြန်မပေးခဲ့ပါ။

ယိုးဒယားနိုင်ငံကိုသူရောက်သွားတဲ့အခါ၊ သူ့အနေနဲ့သာသနာပြုတစ်ဦးဒါမှမဟုတ်အပန်းဖြေသူတစ်ဦးလားဆိုတာမသေချာခဲ့ပါ။ယခုအချိန်မှာ၊သခင်ဘုရားကစေလွှတ်တဲ့ယိုးဒယားနိုင်ငံရဲ့ တစ်နေရာရာမှာ သာသနာပြုသူ ဖြစ်ပါလိမ့်မယ်။

"တကယ်လို့ ယိုးဒယားနိုင်ငံကနေထွက်သွားမယ်ဆိုရင်လဲ၊ အပန်းဖြေသူတစ်ဦးအနေနဲ့မဟုတ်ပဲ၊ သာသနာပြုသူတစ်ဦးအနေနဲ့မြော်လင့်ခြင်း စေတနာ့သာသနာဝန်ထမ်းအလုပ်ဒါမှမဟုတ် အခြားသာသနာအလုပ်တစ်ခုခုမှာ၊ ဆက်သွယ်ပေးဖို့ဘုရားထံမှာ ကျွန်တော်ဆုတောင်း ခဲ့ပါတယ်" ဆိုပြီး သူက ပြောခဲ့ပါတယ်။ Renato လို ယိုးဒယားနိုင်ငံ၊ဘန်ကောက်က "အဲ့ခမိုင်း"ကျောင်းတော်ကြီးမှာ သခင်ယေရှု ကြွဆင်းလာမဲ့သတင်းစကားကိုဟောကြားခဲ့တဲ့သာသနာပြုဆရာတွေအတွက်ကျေးဇူး ပြုပြီးဆုတောင်းပေးကြပါ။

ယိုးဒယားနိုင်ငံအပါအဝင်၊တောင်ပိုင်းအာရှပစိဖိတ်ဒီဗီဇံမှာကယ်တင်ခြင်းသတင်းစကားပျံ့နှံ့စေဖို့အတွက် ကူညီမယ့်သင်တို့ရဲ့ ၁၃ပတ် ဥပုသ်တော်နေ့အလှူငွေအတွက်အထူးကျေး ဇူးတင်ပါတယ်။

-o-

## "အကျဉ်းသားတွေကို လွတ်မြောက်စေတယ်"

***ဧပြီလ (၂၆)ရက်။*** ***တင်ပြသူ- Renato၊ထိုင်းနိုင်ငံ။***

(အရွယ်ရောက်ပြီးသားအမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

Renato အနေနဲ့ သောကြာနေ့တစ်ညမှာ၊နောက်တစ်နေ့ သူ့၃၇နှစ်မြောက်မွေးနေ့အတွက်သူပြင်ဆင်ထားတဲ့တရားဟောချက်ကိုပြန်လည်စစ်ဆေးခဲ့ပါတယ်။ဘရာဇီးလ်နိုင်ငံသားတစ်ဦးဖြစ်တဲ့သူဟာ၊ယိုးဒယားနိုင်ငံမှာသာသနာပြုသူတစ်ဦးအနေနဲ့ပထမနှစ်ဝက်သို့ရောက်ပြီဖြစ်ပြီး ၊ သူ့မွေးနေ့အတွက်တရားဟောလို့ရမလားဆိုပြီး ပါစတာကိုမေးခဲ့ပါတယ်။

"ကျွန်တော်အိမ်ကနေအဝေးကြီးသို့ ရောက်နေပါတယ်။ ကျွန်တော့်မွေးနေ့မှာ ဘာလုပ်ရမှန်းမသိဘူး။ ကျေးဇူးပြုပြီးကျွန်တော်တရားဟောပါရစေ။ ဒီနည်းလမ်းနဲ့ပဲကျွန်တော့်မွေးနေ့ ကိုကျင်းပလို့ရမယ်" ဆိုပြီး သူကပြောခဲ့ပါတယ်။

ဒါပေမဲ့ Renato အနေနဲ့တရားဟောချက်ကိုလေ့လာနေရင်း၊ဘရာဇီးနိုင်ငံကတောင်အမေရိကန်ဒီဗီဇံသာသနာအဖွဲ့ချုပ်ကနေ သူ့ကို ဖုန်းခေါ် ခဲ့ပါတယ်။

Renato ရဲ့မွေးနေ့အတွက်သခင်ဘုရားက အခြားအစီအစဉ်ရှိသလိုပါပဲ။

"သင့်အနေနဲ့ဘန်ကောက်လေယဉ်ကွင်းသို့သွားလို့ရမလား။ဟိုမှာယခင်ကမြော်လင့်ခြင်းအသင်းသားဖြစ်ခဲ့တဲ့အသင်းသားတစ်ဦးဟာမူးယဇ်ဆေးဝါးကုန်ကူးမှုကြောင့်အဖမ်းခံနေရတယ်" ဆိုပြီး တောင်အမေရိကန်ဒီဗီဇံညွှန်ကြားရေးမှူးတစ်ဦး ကဖုန်းဆက်ခဲ့ပါတယ်။

Renato ရဲ့နှလုံးသားကိုဖုန်းခေါ်ဆိုသူရဲ့ပူပန်မှုက ထိတွေ့ခဲ့ပါတယ်။ ယိုးဒယားနိုင်ငံနဲ့ဘရာဇီးလ်နိုင်ငံဟာ အရမ်းဝေးကွာလှပြီး၊ ဘရာဇီးလ်နိုင်ငံသားအသင်းတော် ခေါင်းဆောင်တစ်ဦးအဖမ်းခံရမှုအတွက် အရမ်းစိုးရိမ်ခဲ့မိပါတယ်။

"ဒီယောကျ်ားလေးဆီသွားလည်ဖို့သူ့အတွက် ဆုတောင်းပေးဖို့ ကျွန်ုပ်တို့လိုအပ်နေပါတယ်။သမ္မာကျမ်းစာအုပ်တစ်အုပ်ပေးဖို့လိုအပ်လိမ့်မယ်။သူ့ကိုဖက်ဖို့အတွက်ကျွန်ုပ်တို့အနေနဲ့တစ်စုံတစ်ဦးလိုအပ်နေတယ်"ဆိုပြီး ညွှန်ကြားရေးမှူးက ပြောခဲ့ပါတယ်။

Renato အနေနဲ့သူ့တရားဟောချက်ကိုထားပြီးတော့၊ လေယာဉ်ကွင်းသို့သွားခဲ့ပါတယ်။ သူဟာထိုင်းဘာသာစကားကိုမကျွမ်းခဲ့လို့ ရဲတွေနဲ့စကားပြောရမှာကိုစိုးရိမ်ပြီး အရမ်းကြောက်ခဲ့ပါတယ်။

လေယာဉ်ကွင်းမှာသူရောက်လာတာနောက်ကျနေပြီလို့ပြောခဲ့ပါတယ်။ အဲ့ဒီလူငယ်ကို အခြားနေရာမှာ လွှဲလိုက်ပါပြီ။

သူ့အနေနဲ့လေယာဉ်ကွင်းမှာဘာမှလုပ်လို့မရခဲ့ပါ။

ရက်သတ္တပတ်ကြာပြီးတဲ့နောက်မှာ၊ Renato အနေနဲ့ အခြားဖုန်းခေါ်ဆိုမှုကို လက်ခံရရှိခဲ့ပါတယ်။ ဘရာဇီးလ်နိုင်ငံက လူငယ်ရဲ့ရှေ့နေက ဖုန်းခေါ် ခဲ့တာဖြစ်တယ်။

သူမအနေနဲ့သူ့အမှုသည်ဟာ ဘန်ကောက်မြို့နဲ့မဝေးလှတဲ့ အကျဉ်းထောင်မှာရှိကြောင်းပြောပြခဲ့ပြီး Renato အနေနဲ့သွားလည်ပတ်ဖို့လည်း တောင်းဆိုခဲ့ပါတယ်။

အဲဒီနောက် Renato ဟာ အကျဉ်းထောင်သို့သွားရောက်လည်ပတ်ခဲ့ပါတယ်။

တစ်ခါတလေလူငယ်အနေနဲ့အစားအစာလိုအပ်ခဲ့ပါတယ်။ ထိုင်းနိုင်ငံမှာဝက်သားနဲ့ပင်လယ်စာဟာနာမည်ကြီးပြီး၊ ထောင်ထဲမှာခဏခဏကျွေးပါတယ်။ အဲဒီလူငယ်အနေနဲ့မသန့်ရှင်းတဲ့အစားအစာကိုမစားခဲ့ပါ။ လူငယ်ရဲ့အမေကလဲRenato ကိုဖုန်းခေါ် ပြီးတော့၊ Renato အနေနဲ့အကျဉ်းထောင်သို့ယူသွားမဲ့အစာကို သူတို့ ၂ဦးစလုံးက စီစဉ်ခဲ့ကြပါတယ်။

လူငယ်အနေနဲ့ကြီးမားတဲ့အမှားကိုလုပ်ခဲ့ကြောင်းRenatoဆီမှာဝန်ခံခဲ့ပြီး၊ဘုရားသခင်ဆီမှာသူ့အသက်တာကိုဆက်ကပ်ချင်ကြောင်း ပြောပြခဲ့ပါတယ်။ သူတို့ ၂ဦးဟာသခင်ဘုရားနဲ့သူ့မေတ္တာအကြောင်းကို ဆွေးနွေးခဲ့ကြပါတယ်။

နောက်မကြာခင်မှာ၊ လူငယ်ရဲ့ရှေ့နေအနေနဲ့ ထိုင်းအကျဉ်းထောင်ကသူ့အခြားအမှုသည်တစ်ဦးဖြစ်တဲ့ဘရာဇီးလ်နိုင်ငံသားအကျဉ်းသားဆီမှာသွားလည်ပတ်ဖို့ Renato ဆီမှာတောင်းဆိုခဲ့ပါတယ်။ ဒါကြောင့်မို့၊ ထိုင်းနိုင်ငံရှိကျောင်းသားအယောက်၁၀၀ရှိတဲ့လေးတန်းမှာစာသင်ဖို့ ရောက်လာတဲ့ Renatoဟာ၊ ထိုင်းအကျဉ်းထောင်က ဘရာဇီးလ်နိုင်ငံသား၂ဦးအတွက်သာသ နာပြုဆရာတစ်ဦးလည်း ဖြစ်လာခဲ့ပါတယ်။

ယနေ့မှာ၊ သူ့အနေနဲ့အဲ့ဒီအမျိုးသား၂ဦးဆီမှာလတိုင်းသွားလည်ပတ်ခဲ့ပြီး၊ သခင်ဘုရားကအခွင့်အခါပေးခဲ့သော်၊ အခြားအတူနေတဲ့နိုင်ငံခြားသားတွေကို သွားတွေ့ဆုံဖို့သူဟာ အဆင်သင့်ဖြစ်နေပါတယ်။

"သူတို့ရဲ့နှလုံးသားတွေပြောင်းလဲဖို့ကျွန်တော်ဆုတောင်းနေပါတယ်။အနာဂတ်မှာအဲဒီဆုတောင်းမှုတွေရဲ့ရလဒ်ကိုကျွန်ုပ်တို့အနေနဲ့ တွေ့ကြမှာပါ" ဆိုပြီး သူကပြောခဲ့ပါတယ်။

သူ့အနေနဲ့တကမ္ဘာလုံးဆိုင်ရာအသင်းသားတွေကိုဆုတောင်းမှုအားဖြင့်သူနဲ့အတူပါဝင်ဖို့တောင်းဆိုခဲ့ပါတယ်။

“အဲဒီယောက်ျား၂ဦးအတွက်ဆုတောင်းပေးကြပြီး၊ ထိုင်းနိုင်ငံ၊ အကျဉ်းထောင်က နိုင်ငံခြားသားတွေအတွက်လည်းဆုတောင်းပေးကြပါ။ သူတို့အနေနဲ့ သခင်ဘုရားနဲ့တွေ့ခွင့်ရမယ်ဆိုရင် အင်မတန်မှအကျိုးရှိလိမ့်မယ်” ဆိုပြီး သူက ပြောခဲ့ပါတယ်။

အပြစ်ရဲ့ဝန်ထုပ်နဲ့ စိတ်စွဲလန်းမှုတွေနဲ့ကြုံတွေ့နေရတဲ့ လူတွေအပါအဝင်၊ ထိုင်းနိုင်ငံနဲ့ကမ္ဘာတစ်ဝှမ်းရှိအကျဉ်းသားတွေအတွက်ဆုတောင်းပေးကြပါ။ Renato လိုပဲအကျဉ်းသားတွေကို အပြစ်မှလွတ်မြောက်ဖို့ ယေရှုအသေခံခြင်းနဲ့သတင်းကောင်းကို ဟောကြားသက်သေခံနေတဲ့ မြော်လင့်ခြင်းသာသနာပြုဆရာတွေအတွက် ဆုတောင်းပေးကြပါ။

ယိုးဒယားနိုင်ငံအပါအဝင်၊တောင်ပိုင်းအာရှပစိဖိတ်ဒီဝီဇံမှာကယ်တင်ခြင်းသတင်းစကားပျံ့နှံ့စေဖို့အတွက်ထောက်ပံ့ကူညီမယ့်သင်တို့ရဲ့၁၃ ပတ်ဥပုသ်တော်နေ့ အလှူငွေအတွက် အထူးကျေးဇူးတင်ပါတယ်။

-၀-

## “သခင်ဘုရားထံ အဝေးကြီး လမ်းလျှောက်တယ်”

***မေလ(၂)ရက်၊*** ***တင်ပြသူ - ပါဒါ၊ ယိုးဒယားနိုင်ငံ။***

(အရွယ်ရောက်ပြီးသားအမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

အသက်၁၂နှစ်သာရှိတဲ့၊**Pada**အနေနဲ့ထိုင်းနိုင်ငံကမြော်လင့်ခြင်းအသင်းတော်ထဲသို့ဝင်ဖို့အတွက်၊မိသားစုရဲ့ယုံကြည်ချက်ကိုသူ့အစ်ကိုဟာဘာလို့စွန့်လွှတ်ခဲ့လဲသူနားလည်ခဲ့ပါ၊

“ဘာဖြစ်လို့မြော်လင့်ခြင်းအသင်းသားတစ်ဦးဖြစ်လာတာလဲ” ဆိုပြီး သူ့အစ်ကို Morja ကိုမေးခဲ့ပါတယ်။

“ကျွန်တော်နဲ့အတူလာနေပါ။ဒါဆိုရင်သင်သိလိမ့်မယ်”လို့သူ့အစ်ကိုကပြန်ပြောခဲ့ပါတယ်။

**ပါဒါ** ဟာ Morja နဲ့အတူနေခဲ့ပါတယ်။

အဲဒီယောက်ျားလေးဟာ မိသားစုထဲမှာ အငယ်ဆုံးဖြစ်ပြီး၊ သူ့အနေနဲ့ Morja မြော်လင့်ခြင်းအသင်းဖြစ်ရတဲ့အကြောင်းရင်းကို တကယ်ပဲသိချင်နေပါတယ်။

**ပါဒါ** အသက်သုံးလအရွယ်မှာအဖေသေဆုံးသွားပြီးတဲ့နောက်၊ Morja ဟာမိသားစုထဲမှာအကြီးဆုံးဖြစ်သလို မိသားစုရဲ့ခေါင်းဆောင်လည်းဖြစ်ခဲ့ပါတယ်။

အဖေသေပြီးတဲ့နောက်၊ ကလေး၆ယောက်ကိုပြုစုကျွေးမွေးခဲ့တဲ့အမေဟာ၊ Morja အနေနဲ့ **ပါဒါ** ကို ကူထိန်းပေးခဲ့တဲ့အတွက် စိတ်သက်သာရာရခဲ့ပါတယ်။

Morja ရဲ့အိမ်မှာ ပန်ဒါရဲ့ အသက်တာဟာတကယ်ပဲထူးခြားတာတွေ့ခဲ့ရပါ တယ်။ Morja ဟာ ပန်ဒါထက်အသက်၁၁နှစ်ပိုကြီးပါတယ်။ Morja ဟာ အိမ်ထောင် ကျခဲ့ပြီး အသက်ငယ်သေးတဲ့ယောက်ျားလေးသုံးယောက်ရဲ့အဖေဖြစ်ခဲ့ပါတယ်။

Morja နဲ့သူ့မိသားစုကဝက်သား၊မြွေသား၊ ကြွက်သားကိုထိုင်းနိုင်ငံနဲ့မြန်မာနိုင်ငံရဲ့ နယ်စပ်မှာနေထိုင်တဲ့တောင်ပေါ်သားတွေလိုမစားခဲ့ကြပါ။ တောင်ပေါ်သားတွေဟာ အရမ်း ဆင်းရဲကြပြီး၊သူတို့ရှာတွေ့လို့ရသမျှကိုသူတို့စားခဲ့ကြပါတယ်။ Morja တို့မိသားစုဟာမချမ်း သာပေမဲ့၊Morja အနေနဲ့ "သန့်ရှင်းတဲ့အစာ" ကိုသာသူတို့စားခဲ့ကြပါတယ်။ Morja အနေနဲ့ သမ္မာကျမ်းစာက မသန့်ရှင်းတဲ့အစာဖြစ်တဲ့ဝက်သား၊မြွေသား၊ ကြွက်သားတွေကို လူတွေစား ဖို့တားမြစ်ထားတယ်လို့ ရှင်းပြခဲ့ပါတယ်။

တနင်္ဂနွေနေ့မှာ၊**ပါဒါ** အနေနဲ့ သူ့အစ်ကိုရဲ့လယ်မှာ အလုပ်ကူခဲ့ပါတယ်။ သူ့အနေနဲ့ Morjaကလယ်ထွန်ဖို့သူ့ကျွဲကိုမသုံးတဲ့အခါ ကြည့်ရှုထိန်းသိမ်းပေးခဲ့ပါတယ်။ တနင်္လာနေ့၊အ ဂ်နေ့ ၊ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့နဲ့သောကြာနေ့မှ ကျွဲကိုကြည့်ရှုထိန်းသိမ်းခဲ့ရပြန်ပါတယ်။

စနေနေ့မနက်ငါးနာရီအချိန်၊မှောင်မဲနေချိန် Morja က **ပါဒါ** ကိုနှိုးခဲ့ပါတယ်။

"အခုထပြီး ဘုရားကျောင်းသွားဖို့ပြင်တော့" ဆိုပြီး Morja ကပြောခဲ့ပါတယ်။

Pada အနေနဲ့အိပ်ချင်သေးလို့မကျေနပ်ခဲ့ပါ။ ဒါပေမဲ့သူ့အစ်ကိုကိုလေးစားခဲ့ပြီး၊ သူ့စကားကိုနားထောင်ရမှာဖြစ်ပါတယ်။ သူ့အနေနဲ့ Morja ဘယ်လိုမြော်လင့်ခြင်းအသင်း သားဖြစ်လာလဲဆိုတဲ့သိချင်စိတ်ကိုပြန်သတိရခဲ့မိပါတယ်။ အဲဒါကိုဘုရားကျောင်းမှာ သူရှာ ကောင်းရှာတွေ့ပါလိမ့်မယ်။

Padaအနေနဲ့နိုးထပြီးတော့၊ သူ့အစ်ကိုနဲ့သူ့မိသားစုအားလုံးနဲ့အတူသောကြာနေ့မှာ Morja ရဲ့ဇနီးသည်ပြင်ဆင်ထားတဲ့မနက်စာကို စားခဲ့ကြပါတယ်။

မနက်စာစားပြီးတဲ့အခါ၊ Pada နဲ့ Morja တို့လင်မယားဟာ သူတို့ရဲ့ကလေးသုံး ယောက်နဲ့ဘုရားကျောင်းသို့ လမ်းလျှောက်သွားခဲ့ကြပါတယ်။

သူတို့နေထိုင်တဲ့မြို့မှာမြော်လင့်ခြင်းအသင်းတော်မရှိလို့၊ အခြားမြို့ငယ်က၊ အနီးစပ်ဆုံးအသင်းတော်သို့ စမိုင်ခရီးအကွာအဝေး၊ လမ်းလျှောက်ရမှာဖြစ်ပါတယ်။

Morja အနေနဲ့သူ့သားငယ်ကိုသူ့ကျောကုန်းပေါ်မှာ စောင်တစ်ထည်နဲ့ပိုးကာ၊ Morja ဇနီးသည်ကဒုတိယသားကိုသူ့ကျောကုန်းမှာ စောင်တစ်ထည်နဲ့ပိုးပြီး တင်ဆောင်ခဲ့ရပါတယ်။ Pada ဟာ အသက် ၆နှစ်သာရှိတဲ့ သူတို့ရဲ့သားအကြီးဆုံးနဲ့ လမ်းလျှောက်ခဲ့ရပါတယ်။

မိသားစု ၆ ယောက်၃နာရီကြာ လမ်းလျှောက်ခဲ့ရပါတယ်။ တောင်ပေါ်လမ်းကြောင်းမှာသူတို့တက်ခဲ့ကြပြီး၊ စပါးခင်းတွေကို ဖြတ်ကျော်ခဲ့ရပါတယ်။ မြစ်တွေကိုလည်း သူတို့ဖြတ်ခဲ့ရပါတယ်။ နောက်ဆုံးမှာ ဥပုသ်စာဖြေကျောင်းအစီအစဉ်အမှီ မြော်လင့်ခြင်းဘုရားကျောင်းသို့ရောက်ရှိခဲ့ကြပါတယ်။

Pada အနေနဲ့ဝတ်ပြုကိုးကွယ်မှုကိုသဘောကျခဲ့ပါတယ်။ မြော်လင့်ခြင်းပါစတာကသူ့အရွယ်လောက်သာရှိပြီးသမီး၃ယောက်ရှိပါတယ်။ မိန်းကလေးတွေကဂီ တာတီးခဲ့ကြပြီး၊ သခင်ယေရှုအကြောင်းကို သာယာကြည်နူးနဲ့အသံနဲ့သီချင်းဆိုခဲ့ကြပါတယ်။

ဝတ်ပြုခြင်းအစီအစဉ်ပြီးတဲ့နောက်မှာ၊ Pada အနေနဲ့ဘုရားကျောင်းအရမ်းအရသာရှိတဲ့နေ့လယ်စာကိုစားရတာပျော်မြူးခဲ့ပါတယ်။ သူ့အနေနဲ့ ပါစတာ့ဇနီး ချက်ပြုတ်တဲ့ဖရုံသီးဟင်းရည်ကို အထူးနှစ်သက်ခဲ့ပါတယ်။

အဲ့ဒါဟာ Pada ရဲ့ပထမဦးဆုံး အကြိမ်အသင်းတော်သို့သွားခဲ့တဲ့ အတွေ့အကြုံတစ်ခုဖြစ်ပါတယ်။ နောက်ဥပုသ်တော်နေ့မှာ၊သူ့အစ်ကိုကမနက်ငါးနာရီမှာနိုးတဲ့အခါ၊ အိပ်ချင်သေးလို့ သူ့အနေနဲ့မပျော်ရွှင်ခဲ့ပါ။ ဘုရားကျောင်းသို့လမ်းမလျှောက်ချင်ပေမယ့်၊ ဘုရားကျောင်းရောက်တဲ့အခါကျမှ သူ့အနေနဲ့ ဝမ်းသာခဲ့ပါတယ်။

အဲဒီလိုနဲ့ပဲ၊ဥပုသ်နေ့တိုင်းPada ဟာ စိတ်ထဲမှာဘုရားကျောင်းသွားဖို့ပြင်ဆင်ခဲ့ရပြီး၊ အကြာကြီးလမ်းလျှောက်ရတာကိုညည်းညူခဲ့ပါတယ်။သူ့အနေနဲ့ဘုရားကျောင်းကတေးဂီတနဲ့ အစားအစာကို အရမ်းကြိုက်နှစ်သက်ခဲ့ပါတယ်။

ထိုင်းနိုင်ငံနဲ့ကမ္ဘာတစ်ဝှမ်းလုံးမှာ ကယ်တင်ခြင်းသတင်းစကားပျံ့နှံ့စေဖို့အတွက် ထောက်ပံ့ကူညီမယ့်သင်တို့ရဲ့၁၃ပတ် ဥပုသ်နေ့အလှူငွေအတွက် အထူးကျေး ဇူးတင်ပါတယ်။ လာမဲ့ဥပုသ်တော်နေ့မှာ Pada အနေနဲ့ သူ့အစ်ကိုရဲ့အသက်တာကိုအတုယူခဲ့ ပြီးတော့၊

မြော်လင့်ခြင်းအသင်းသားတစ်ယောက်ဖြစ်လာဖို့ဘယ်လိုဆုံးဖြတ်ခဲ့လဲဆိုတာဆက်လက်နား ဆင်ရမှာဖြစ်ပါတယ်။

-၀-

## "သခင်ဘုရားထံ အဝေးကြီး လမ်းလျှောက်တယ်" (အပိုင်း၂)

***မေလ (၁၀)ရက်၊*** ***တင်ပြသူ- Pada ထိုင်းနိုင်ငံ***

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

လွန်ခဲ့တဲ့အပတ်တုန်းက - ၁၂ နှစ်သာရှိတဲ့ Pada နဲ့သူ့အစ်ကို Morja ဟာ ထိုင်းနိုင်ငံမှာ သူတို့ မိသားစုရဲ့ ဘာသာရေးကိုစွန့်လွှတ်ခဲ့ပြီး၊ မြော်လင့်ခြင်းအသင်းသားတွေဖြစ်လာတာကိုအံ့သြ နေမိခဲ့ပါတယ်။ Morja အနေနဲ့သူတို့မိသားစုနဲ့အတူနေထိုင်မှုအားဖြင့်အဲဒီအကျိုးအကြောင်း ကိုရှာတွေ့ဖို့ သူ့ကို ခေါ် ဖိတ်ခဲ့ပါတယ်။

**ပါဒါ** အနေနဲ့ သူ့အစ်ကိုကြီးမိသားစုနဲ့အတူ ဥပုသ်နေ့တိုင်းအသင်းတော်သို့ (၈)မိုင် ဝေးတဲ့ခရီးသို့လနဲ့ချီကြာပြီး လမ်းလျှောက်ခဲ့ရပါတယ်။

**ပါဒါ** အနေနဲ့ Morja ၊ မြော်လင့်ခြင်းအသင်းသားတစ်ဦးဖြစ်လာတာကို အံ့သြနေ မိခဲ့တယ်။ အဲ့ဒီအတွက်သူ့မှာအဖြေမရှိခဲ့ပါ။ ဒါပေမဲ့သူ့အနေနဲ့ Morja ဟာဥပုသ်နေ့တိုင်း ဘုရားကျောင်းသွားရာ မှာအလွန်မှုပင်သစ္စာရှိခဲ့တာကို သူသတိထားမိခဲ့ပါတယ်။

မိုးရွာရင်ပဲဖြစ်ဖြစ်၊အေးရင်ပဲဖြစ်ဖြစ် အဲဒီမိသားစုဟာ အင်မတန်မှဝေးတဲ့ ဘုရား ကျောင်းသို့ လမ်းလျှောက်ခဲ့ကြပါတယ်။ **ပါဒါ** အနေနဲ့ Morja ဟာသူ့ဆယ်ဖို့တစ်ဖို့နဲ့ အလှူ ငွေမှာအရမ်းသစ္စာရှိကြောင်း ပြန်သတိရခဲ့ပါတယ်။ ဥပုသ်နေ့တိုင်း သူ့အနေနဲ့အလှူငွေ ကောက်ခံတဲ့ ပန်းကန်ထဲမှာ ပိုက်ဆံတစ်ချို့ကို ထည့်ဝင်လှူဒါန်းခဲ့ပါတယ်။

Morja အနေနဲ့၊ "ကျေးဇူးတင်တဲ့အနေနဲ့သခင်ဘုရားပိုင်ဆိုင်ထားတဲ့ပိုက်ဆံကို သူ့ ထံမှာ ပြန်လည်ဆက်ကပ်တာဖြစ်ပါတယ်" ဆိုပြီး ပြောခဲ့ပါတယ်။

**ပါဒါ** ဟာ သူ့အသက်၁၂ နှစ်အထိတိုင်သူ့မိခင်နဲ့ အရမ်းဆင်းရဲတဲ့အိမ်တစ်အိမ်မှာနေ ထိုင်ခဲ့ရပါတယ်။ သူ့အနေနဲ့ Morja ကပိုက်ဆံလိုသလောက်သုံးနိုင်တာကိုနားမလည်နိုင်ခဲ့ပါ။ ပြီးတော့သူ့အနေနဲ့ Morja ဟာတစ်ခါမှပိုက်ဆံချို့တဲ့မှုမရှိတာ သတိရမိခဲ့ပါတယ်။ သူ့အိမ်မှာ လုံလောက်တဲ့အစားအစာနဲ့အခြားလိုအပ်တာတွေရှိခဲ့ပါတယ်။

**ပါဒါ** ဟာ သူ့အစ်ကိုအိမ်မှာ သုံးနှစ်နေပြီးတဲ့အခါ၊ Morja ရဲ့သား၃ယောက်ဟာအ အသက်ကြီးလာပြီဖြစ်ပြီး၊ အခြားမြို့ငယ်ကမြော်လင့်ခြင်းအသင်းတော်ကျောင်းမှာကျောင်း တက်ခဲ့ကြပါတယ်။ Morja ဟာမချမ်းသာပေမဲ့၊ သူ့သားတွေအတွက် ကျောင်းလခကိုတစ် နည်းတစ်လမ်းအားဖြင့် ရှာဖွေရရှိခဲ့ပါတယ်။

**ပါဒါ** ဟာတစ်ခါမှကျောင်းမတက်ဘူးပါ။ ယခုသူဟာအသက်၁၅ နှစ်ရှိပြီဖြစ်ပြီး၊ သူ့ အနေနဲ့လည်းကျောင်းတက်ချင်ခဲ့ပါတယ်။ သူဟာသူ့အကျပ်အတည်းကိုစဉ်းစားရင်း၊" Morja အနေနဲ့မြော်လင့်ခြင်းအသင်းသားဖြစ်လို့အဆင်ပြေတာဖြစ်မယ်။သူဟာမချမ်းသာပေမဲ့၊တစ် ခါမှတစ်စုံတစ်ခုလိုအပ်တာမရှိခဲ့ပါ။သူ့အနေနဲ့လုံလောက်တဲ့အစားအစာ၊အဝတ်အစားရှိတဲ့ အပြင်၊သူ့သားတွေကိုကျောင်းပို့နိုင်သေးတယ်။သူ့အနေနဲ့ကောင်းကင်ဘုံကသခင်ဘုရားကို ချစ်လို့သခင်ဘုရားကသူ့ကိုလိုအပ်တာတွေထောက်ပံ့ပေးတာဖြစ်လိမ့်မယ်"ဆိုပြီးအံ့သြခဲ့ပါ တယ်။

**ပါဒါ** ရဲ့နှလုံးသားထဲမှာ သခင်ဘုရားရဲ့ချစ်ခြင်းမေတ္တာဟာ အမြစ်စွဲလာခဲ့ပါတယ်။သူ့ အစ်ကိုကြီးရဲ့လိုအပ်တာအလုံးစုံကို ထောက်ပံ့နေတဲ့ သခင်ဘုရားအတွက် သူ့အနေနဲ့အသက် ရှင်ချင်ပါသေးတယ်။ အဲ့ဒါနဲ့ သူကသူ့နှလုံးသားကို သခင်ဘုရားဆီမှာဆက်ကပ်ပြီးရေနှစ်ခြင်း ခံခဲ့ပါတယ်။

**ပါဒါ** အနေနဲ့သူ့ကိုကူညီမဲ့မိသားစုမရှိပေမယ့်၊ သူ့အသက်၁၇နှစ် အရွယ်မှာမြော် လင့်ခြင်းအသင်းတော်ကျောင်းကသူငယ်တန်းစတင်ပြီးပညာသင်ယူခဲ့ပါတယ်။ သူ့အနေနဲ့အ ရမ်းကြိုးစားခဲ့ပါတယ်။ သူ့ကျောင်းလခအတွက်အလုပ်ကိုကြိုးစားခဲ့ပါတယ်။

သူ့အနေနဲ့အထက်တန်းကျောင်းအောင်တဲ့အခါ၊ လူတိုင်းရဲ့လိုအပ်တာကိုထောက်ပံ့ တဲ့သခင်ဘုရားအကြောင်းကိုသူတပါးဆီမှာသင်ယူဖို့ဆုံးဖြတ်ခဲ့ပါတယ်။ ယခုအချိန်မှာ **AIU** မှာပညာကိုဆက်လက်သင်ယူခဲ့ပြီး၊ ပါစတာတစ်ဦးဖြစ်လာခဲ့ပါတယ်။

ယနေ့ **ပါဒါ** ဟာ ထိုင်းနိုင်ငံမှာမြော်လင့်ခြင်းအသင်းတော်ရဲ့ပါစတာနဲ့ ခေါင်းဆောင် တစ်ဦးဖြစ်ပါတယ်။ သူ့အနေနဲ့မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာတွေ့ဆုံခဲ့တဲ့ဇနီးတစ်ဦး ရှိပြီး၊ သားသမီး၃ ယောက်ထွန်းကားခဲ့ပါပြီ။ သူ့အနေနဲ့ကောင်းတဲ့ပညာရေးကိုရရှိသလို ဇိမ်ရှိ တဲ့ကားတစ်စီးကိုလည်း မောင်းရပါတယ်။ သူ့အနေနဲ့သက်တောင့်သက်သာရှိတဲ့လစာကို

လည်းရခဲ့ပါတယ်။ သူ့အနေနဲ့ဆယ်ဖို့တစ်ဖို့နဲ့အလှူငွေကိုသစ္စာရှိစွာ ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။ သူတို့မိသားစုဟာ အမြဲပဲလုံလောက်တဲ့အစားအစာနဲ့အဝတ်အစားကိုရရှိခဲ့ပါတယ်။

သူ့အနေနဲ့ အခြားတစ်စုံတစ်ရာထက်၊ ကောင်းကင်ဘုံကသခင်ဘုရားအကြောင်းကို သူတပါးဆီမှာပြောပြတာကိုကြိုက်နှစ်သက်ခဲ့ပါတယ်။ ထိုင်းနိုင်ငံနဲ့မြန်မာနိုင်ငံကြားနယ်စပ်မှာတည်ရှိတဲ့ တောင်တန်းက၊ သူကလေးဘဝတုန်းက ကြီးပြင်းခဲ့တဲ့ရွာမှာ သူသွားလည်ခဲ့ပါတယ်။ အဲ့ဒီမှာနေထိုင်တဲ့သူတွေဟာ အရမ်းဆင်းရဲကြပြီး၊ သူလအနည်းငယ်သာသခင်ဘုရားကိုယုံကြည်ကြပါတယ်။

**ပါဒါ** အနေနဲ့ ရွာသားတွေကိုပေးဖို့ စာအိတ်ထဲမှာ ဘတ်ငွေ၅၀ ဒါမှမဟုတ် ဘတ် ၁၀၀ အမြဲပဲထည့်ထားခဲ့ပါတယ်။ အဲဒါဟာ ပိုက်ဆံအများကြီးမဟုတ်ပေမဲ့၊သူတို့အမြင်မှာ တန်ဖိုးရှိတဲ့ဆုလက်ဆောင်ဖြစ်ပါတယ်။ သူ့အနေနဲ့ အဲဒီစာအိတ်တွေကို ပေးကမ်းတဲ့အခါရွာသားတွေက သူ့ကိုပြုံးရွှင်စွာနဲ့နှုတ်ဆက်ကြပါတယ်။

"**ပါဒါ** ဟာ ကျွန်ုပ်တို့နဲ့အတူ ဒီမှာပဲနေထိုင်ပြီး ကြီးပြင်းခဲ့တာပါ။ ဒါပေမဲ့ ယခုအချိန်မှာ၊သူ့အနေနဲ့ကောင်းတဲ့ပညာရေးကိုရရှိပြီး၊ ဇိမ်ခံကားတစ်စီးရှိတဲ့အပြင်၊သက်တောင့်သက်သာရှိတဲ့လစာကိုလည်း ရခဲ့ပါတယ်။ သခင်ဘုရားကကျွန်ုပ်တို့အတွက်ကောင်းချီးများစွာချပေးလို့ရတယ်နော်" ဆိုပြီး တစ်ယောက်နဲ့တစ်ယောက်ပြောနေကြတာ သူကကြားခဲ့ပါတယ်။

သူ့အနေနဲ့ သူ့ရွာသားတွေ၊တောင်ပေါ်သားတွေက တစ်နေ့ကျရင်သူ့သခင်ဘုရားက သူတို့ကိုကောင်းချီးချပေးပြီးတော့၊ ထာဝရအသက်ရရန် သူတို့ကိုကယ်တင်ချင်တယ်ဆိုတာ သိရှိလာဖို့အတွက် ဆုတောင်းခဲ့ပါတယ်။

၁၉၈၈ ခုနှစ်၊၁၃ပတ် ဥပုသ်တော်နေ့အလှူငွေတစ်ချို့အားဖြင့် ပါစတာတစ်ဦးဖြစ်လာဖို့အတွက်၊ **ပါဒါ** အနေနဲ့ပညာသင်ယူခဲ့တဲ့ AIU မှာထမင်းစားရုံတစ်ဆောင်နဲ့ဒုတိယအဆောက်အအုံဆောက်လုပ်ရာမှာ ကူညီထောက်ပံ့ခဲ့ပါတယ်။ကျောင်းသားတစ်ယောက်အနေနဲ့ ပါဒါက ထမင်းစားရုံဆောက်လုပ်ရာမှာကူညီခဲ့ပါတယ်။

AIU မှာပညာသင်ယူခဲ့တဲ့ ပါဒါနဲ့ ကျောင်းသားတွေဟာ ၁၃ ပတ်ဥပုသ်နေ့အလှူငွေရဲ့အကျိုးသက်ရောက်မှုကို ဆက်ပြီးခံစားနေကြရသလို၊ ဒီကဏ္ဍာတာရဲ့အလှူငွေကလည်းသခင်ဘုရားရဲ့ ကောင်းချီးမင်္ဂလာနဲ့ တာရှည်ခံတဲ့ဩဇာလွှမ်းမိုးမှု ရှိမှာဖြစ်ပါတယ်။

သင်တို့အနေနဲ့ရက်ရောစွာအလှူငွေများကိုထည့်ဝင်လှူဒါန်းဖို့ စီစဉ်နေကြတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

-ဝ-

## "သခင်ဘုရားက ဆုတောင်းမှုကို တုံ့ပြန်ပါသလား"

***မေလ (၁၇) ရက်၊*** ***တင်ပြသူ-Somsak, Thailand***

Somsak အနေနဲ့ ထိုင်းနိုင်ငံ၊ **ကိုရက်** မြို့က သတ္တမနေ့မြော်လင့်ခြင်းအသင်းတော် ကျောင်းရဲ့ သူငယ်တန်းမှာ၊ပထမအကြိမ် သခင်ဘုရားထံဆုတောင်းတာကိုကြားခဲ့ရပါတယ်။ ထိုင်းနိုင်ငံကလူအများစုလိုပဲ၊ သူဟာခရစ်ယာန်မဟုတ်တဲ့မိသားစုကနေလာခဲ့လို့ သခင်ဘုရား အကြောင်းကိုဘာတစ်ခုမှ မသိခဲ့ပါ။

မနက်တိုင်း သူငယ်တန်းသင်ကြားမှုအစမှာ၊ ထိုင်းနိုင်ငံရဲ့အလံကို **ကိုရက်** မြော်လင့် ခြင်းနိုင်ငံတကာကျောင်းရဲ့ ခြံဝင်းထဲက အလံတိုင်တစ်တိုင်ပေါ်မှာ အမြင့်သို့တက်စေခဲ့ပါ တယ်။ ပြီးတော့သူငယ်တန်းကျောင်းသားတွေနဲ့သူတို့ထက်အတန်းမြင့်တဲ့ကျောင်းသားတွေ ဟာအလံနားမှာ နိုင်ငံတော်သီချင်းဆိုဖို့ မတ်တတ်ရပ်ခဲ့ကြပါတယ်။

နောက်ပြီးတော့ ကျောင်းဆရာတွေက တစ်နေ့တာဘုရားကောင်းချီးချပေးဖို့ဘုရား သခင်ထံဆုတောင်းတဲ့သာယာကြည်နူးတဲ့ "ဆုတောင်းမှုသီချင်း" ဆိုရာမှာ ကလေးတွေကိုဦး ဆောင်စေခဲ့ပါတယ်။

Somsak ဟာနဲနဲအသက်ကြီးလာတဲ့အခါ၊သူ့ဟာသူဆုတောင်းဖို့သင်ယူခဲ့ပါတယ်။ ဒုတိယတန်းကျောင်းဆရာကသူ့ကိုဆုတောင်းနည်း သင်ပေးခဲ့ပါတယ်။နေ့တိုင်း အတန်းအစ မှာ၊ကျောင်းဆရာကဆုတောင်းမှုနဲ့စတင်တဲ့အခါ Somsak နဲ့အခြားကလေးတွေကိုထပ်ဖြည့် ဖို့ ခေါ် ဖိတ်ခဲ့ပါတယ်။

ကျောင်းဆရာအနေနဲ့"အိုသခင်ဘုရား" လို့ပြောတဲ့အခါ၊ ကလေးတစ်ယောက်က၊ "ကျေးဇူးပြုပြီးစမတ်ကျအောင်မစပါ" ဆိုပြီး ပြောခဲ့ပါတယ်။နောက်တစ်ယောက်ကလည်း "ကျေးဇူးပြုပြီးလုံခြုံမှုရှိအောင် မစပါ" ဆိုပြီးပြောခဲ့ပါတယ်။ တတိယကလေးက"ကျေးဇူးပြု ပြီးလိမ္မာအောင် မစပါ" ဆိုပြီး ပြောခဲ့ပါတယ်။ကျောင်းဆရာက၊ "သခင်ယေရှုရဲ့နာမတော် အားဖြင့်ဆုတောင်းပါတယ်။ အာမင်။" ဆိုပြီး ဆုတောင်းမှုကိုအဆုံးသတ်ခဲ့ပါတယ်။

Somsak အနေနဲ့ကျောင်းမှာဆုတောင်းနည်းကိုသင်ယူပြီး၊ဒုတိယတန်းမှာသူ့ဟာသူ ဆုတောင်းခဲ့ပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့နေ့တိုင်းလတိုင်းမဟုတ်ပဲ၊တကယ်လိုအပ်တယ်လို့ခံ စားရမှပဲ ဆုတောင်းခဲ့တာဖြစ်ပါတယ်။

Somsak အနေ့ ၃တန်းကနေ ၉တန်းအထိသူ့ဟာသူဆုတောင်းခဲ့ပါတယ်။

ယခုအခါ၊ သူဟာအသက်၁၆ နှစ်ရှိပြီဖြစ်ပြီး ဆယ်တန်းမှာသန်စွမ်းတဲ့လူငယ်တစ် ယောက်ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာနေ့စဉ်ရက်စက်သူဆုတောင်းခဲ့ပါတယ်။ သင့်အနေနဲ့ သူ့ဆုတောင်းချက်တွေကိုသခင်ဘုရားဘယ်လောက်တုံ့ပြန်မယ်လို့ စဉ်းစားမိပါသလဲ။ ၁၀၀ လား ၅၀လား ၁၀လား...။

သူက၊"ပိုပြီးတော့ မိမိကိုယ်ကိုယုံကြည်ကိုးစားလို့ ကျွန်တော့ဆုတောင်းမှုတွေကိုသ ခင်ဘုရားက တုံ့ပြန်တယ်လို့မခံစားခဲ့ပါဘူး" ဆိုပြီး ပြောခဲ့ပါတယ်။

Somsak အနေနဲ့နေ့တိုင်းဆုတောင်းချင်မှဆုတောင်းလိမ့်မယ်။ သူ့အနေနဲ့လိုအပ်မှုခံ စားမှပဲဆုတောင်းတာဖြစ်နိုင်တယ်။ဒါပေမဲ့ သူ့ဆုတောင်းမှုတွေထဲကနေတချက်တောင်သခင် ဘုရားကမတုံ့ ပြန်ဘူးဆိုရင် ဖြစ်နိုင်တယ်လို့ သင့်အနေနဲ့စဉ်းစားပါသလား။

သင့်အနေနဲ့ သခင်ဘုရားက သူ့ဆုတောင်းချက်တွေထဲကအနည်းဆုံးတစ်ချက်တော့ တုံ့ပြန်မှာပဲလို့ပြောရင် သင်ပြောတာမှန်ပါတယ်။ ဟေရှာယ ၆၅း၂၄ ထဲမှာ၊ "ငါသည်သူတို့မ ခေါ် မှီကပင်ထူးမည်။လျှောက်စဉ်တွင်ပင် ပါနားထောင်မည်" ဆိုပြီး ပြောခဲ့ပါတယ်။

ဒါကြောင့်မို့ Somsak အနေနဲ့ဘာဖြစ်လို့သူ့ဆုတောင်းချက်တွေကို သခင်ဘုရားက မတုံ့ပြန်ဘူးလို့ စဉ်းစားပါသလဲ။ သခင်ဘုရားက တုံ့ပြန်တာကို Somsak အနေနဲ့သတိမထား မိတာဖြစ်နိုင်မလား။ ကျွန်ုပ်တို့အနေနဲ့လည်း ကျွန်ုပ်တို့ရဲ့ဆုတောင်းချက်တွေကိုသခင်ဘုရား ကတုံ့ပြန်ပေမဲ့ ကျွန်ုပ်တို့က သတိမထားမိတာဖြစ်နိုင်မလား။

Somsak ရဲ့ကျောင်းက ကျောင်းဆရာတွေအနေနဲ့ဆုတောင်းချက်တွေကိုကြားနာ ပြီး၊ ပြန်ပြီးတုံ့ပြန်တဲ့ သခင်ဘုရားကို သူသိရှိဖို့အတွက်ဆုတောင်းခဲ့ကြပါတယ်။ယောကျ်ား လေးတစ်ယောက်ဒါမှမဟုတ် မိန်းကလေးတစ်ယောက်အတွက် သူတို့မိသားစုထဲမှာယုံကြည် သူမရှိတဲ့အခါ၊ သခင်ဘုရားကိုယုံကြည်ဖို့ရန်ခက်ခဲပေလိမ့်မည်။ကျောင်းဆရာတွေအနေနဲ့ "ကိုရက်" မြော်လင့်ခြင်းနိုင်ငံတကာကျောင်းမှာ Somsak နဲ့အခြားကလေးတွေအားလုံးကသ

ခင်ဘုရားအနေနဲ့ဆုတောင်းချက်တွေကိုကြားနာပြီး၊ တုံ့ ပြန်တာကိုတွေ့မြင်နားလည်အောင် ဆုတောင်းပေးနေကြပါသည်။

Somsak နဲ့အခြားကလေးတွေအတွက်ဆုတောင်းပေးရာမှာသင့်အနေနဲ့ပါဝင်ချင်ပါသလား။ ကဲ..... ဆုတောင်းကြပါစို့။

အို ..သခင်ဘုရား၊ထိုင်းနိုင်ငံ၊ ကိုရက်မြို့က Somsak ပညာသင်ယူနေတဲ့ ကိုရက်မြော်လင့်ခြင်းကျောင်းအတွက်အထူးကျေးဇူးတင်ပါတယ်။ကျောင်းတည်ဆောက်ဖို့ကူညီခဲ့ပံ့ပိုးခဲ့ကြတဲ့ ၁၃ ပတ်ဥပုသ်နေ့အလှူငွေအတွက်နဲ့၊ ကမ္ဘာတဝှမ်းကကလေးများကိုအထူးကျေးဇူးတင်ပါတယ်။ ယခုအချိန်မှာ ကိုယ်တော်ကသူတို့ကိုချစ်ပြီး၊တကယ်ပဲဆုတောင်းချက်ကိုပြန်တုံ့ပြန်ခဲ့တာကို၊ မသိသေးတဲ့ Somsak နဲ့အခြားကလေးတွေကိုကူညီမစတော်မူပါ။ ဆုတောင်းမှုနဲ့ကိုယ်တော့်ရဲ့တုံ့ပြန်မှုကို သတိထားမိဖို့သူတို့ကိုရောအကျွန်ုပ်ကိုပါကူညီမစတော်မူပါ။ ကျေးဇူးပြုပြီး၊ ကိုယ်တော့အကြောင်းသင်ယူနေတဲ့အာရှတိုက်ကအခြားကလေးတွေကိုကူညီမစမှာဖြစ်တဲ့၊ ၁၃ပတ်အလှူငွေအပေါ်ကောင်းကြီးပေးတော်တော်မူပါ။ သခင်ယေရှုနာမတော်အားဖြင့် ဆုတောင်းပါတယ်။ အာမင်း....။

-o-

## "ညကထူးခြားတဲ့ အသံဗလံတွေ"

***မေလ (၂၄)ရက်၊*** ***တင်ပြသူ-ဂျိမ်းစ်၊ ဖိလိပိုင်နိုင်ငံ။***

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

**ဂျိမ်းစ်** အနေနဲ့သူငှားထားတဲ့အိမ်သို့ရွှေ့ပြောင်းခဲ့ပြီးတဲ့နောက်၊ ဘေးအိမ်ကစုံတွဲအနေနဲ့အဲဒီအိမ်မှာတစ္ဆေခြောက်ခဲ့ကြောင်း သူ့ကို အသိပေးခဲ့ကြပါတယ်။

သူတို့က၊ "ကျွန်မတို့တွေ ညဘက်မှာအသံဗလံတွေကြားရပြီးအိပ်မပျော်ခဲ့ဘူး" လို့ပြောခဲ့ပါတယ်။

တစ္ဆေခြောက်ကြောင်းသူတို့ပြောတဲ့အခါ **ဂျိမ်းစ်** အတွက်ရယ်စရာကောင်းခဲ့ပါတယ်။အဲဒီအိမ်မှာလူမနေတာကြာလှပြီဖြစ်ပေမဲ့၊သူ့အနေနဲ့တော့စိတ်မပူခဲ့ပါ။သူဟာကျောင်းသားသာသနာပြုသူတစ်ဦးဖြစ်ပြီး၊တစ္ဆေခြောက်တဲ့အိမ်မှာမကြောက်ရွံ့ခဲ့ပါ။သူ့အနေနဲ့သမ္မာကျမ်းစာထဲမှာ သခင်ယေရှုက သူတို့ကို နိုးထစေတဲ့အချိန်ထိတိုင် မြေကြီးထဲမှာပဲ၊ လူသေ

ကောင်တွေဟာအိပ်နေတယ်လို့ ဖတ်ရှုခဲ့ရပါတယ်။ သူ့အနေနဲ့ ဒီကိစ္စကိုရှင်းပြစရာမလိုပဲ၊ အသံဗလံကြားတိုင်းသခင်ဘုရားကသူ့ကိုကာကွယ်မယ်ဆိုတာသေချာသိနေခဲ့ပါတယ်။

**ဂျိမ်းစ်** အနေနဲ့စုံတွဲတို့လာလည်တာကျေးဇူးတင်ခဲ့ပြီး၊"အဲ့ဒီလိုမျိုးအတွေ့အကြုံကို ကျွန်တော်မကြုံခဲ့ဖူးပါ" ဆိုပြီး ပြောခဲ့ပါတယ်။

**ဂျိမ်းစ်** နဲ့ကျောင်းသားသာသနာပြုအဖွဲ့တစ်ဖွဲ့ဟာ ဖိလိပိုင်နိုင်ငံက ဝေးလံတဲ့ကျွန်း တစ်ကျွန်းပေါ်မှာ သူတို့ရဲ့၁နှစ်တာ ဝန်ဆောင်မှုအတွက်သစ်သားနဲ့ဆောက်ထားတဲ့အိမ်သို့ရွှေ့ ပြောင်းခဲ့ကြပါတယ်။ အဲဒီအိမ်ကို မီးခိုးရောင်အနုနဲ့ဆေးသုတ်ထားပြီး၊ ခေါင်မိုးကတော့အ စိမ်းရောင်ဖြစ်ပါတယ်။ **ဂျိမ်းစ်** အနေနဲ့အိပ်ခန်းထဲမှာအိပ်ခဲ့ပြီး၊အခြားသာသနာပြုသူတွေဟာ ဧည့်ခန်းမှာအိပ်ခဲ့ကြပါတယ်။

မီးဖိုချောင်နဲ့ရေချိုးခန်းဟာအပြင်မှာရှိပါတယ်။ **ဂျိမ်းစ်** နဲ့သူ့သူငယ်ချင်းအပါအဝင် ရပ်ကွက်ထဲမှာဘယ်သူမှလျှပ်စစ်မီးနဲ့ရေမရကြပါ။ ညမှာ မီးစက်နဲ့သူတို့ရဲ့ဖုန်းအားသွင်းဖို့အ တွက်အမေရိကန်ပိုက်ဆံ ၁၇ ပြားစီပေးခဲ့ကြပါတယ်။ မြို့ငယ်ရဲ့ မြို့တော်ဝန်ဟာ အဲဒီလမ်းမ ကြီးပေါ်မှာနေထိုင်ခဲ့ပါတယ်။

အဲဒီကျွန်းပေါ်မှာများသောအားဖြင့် ခရစ်ယာန်မဟုတ်တဲ့လူတွေနေကြပါတယ်။အဲဒီ မှာခရစ်ယာန်တစ်ချို့နေထိုင်ကြပြီး၊ **ဂျိမ်းစ်** ရဲ့သာသနာလုပ်ငန်းဟာ ယခင်က မြော်လင့်ခြင်း အသင်းသားတွေဆီ သွားရောက်တွေ့ဆုံပြီးတော့၊ သူတို့ရဲ့ယုံကြည်မှုကို ပြန်လည်ရှင်သန် နိုးထဖို့ ဖြစ်ပါတယ်။

သရဲခြောက်တဲ့အကြောင်း ပြောပြတဲ့စုံတွဲက အခြားခရစ်ယာန်ဂိုဏ်းဂဏကဖြစ်ပါ တယ်။ သူတို့ဟာ မြော်လင့်ခြင်းအသင်းသားတွေမဟုတ်ပေမဲ့၊ သာသနာလုပ်ငန်းအတွက် **ဂျိမ်းစ်** နဲ့သူ့သူငယ်ချင်းတို့ဟာ သူတို့ကိုကျမ်းစာသင်ပေးဖို့ကမ်းလှမ်းခဲ့ပါတယ်။ ဒါပေမဲ့သူတို့ ကငြင်းဆိုခဲ့ပြီး ဘာသာရေးနဲ့ပတ်သက်တဲ့စာစောင်တစ်စောင်တောင်မှ လက်မခံခဲ့ကြပါ။

ဒါကြောင့်မို့၊ **ဂျိမ်းစ်** နဲ့သူ့သူငယ်ချင်းဟာသူတို့ရဲ့နေ့စဉ်ဝတ်ပြုမှုကိုအိမ်နီးချင်းတွေ ထံဝေငှဖို့ဆုံးဖြတ်ခဲ့ကြပါတယ်။ သူတို့အိမ်ရဲ့နံရံဟာ ပါးလွှန်းလို့၊စုံတွဲတို့က ညဘက်မှာထူး ခြားတဲ့အသံတွေကြားရတယ်ဆိုရင်၊ သူတို့ရဲ့ မနက် ည ဝတ်ပြုမှုတွေကိုလည်းကြားရမှာပဲလို့ သူတို့ဆင်ခြင်သုံးသပ်ခဲ့ကြပါတယ်။

အိမ်နီးချင်းရဲ့အိမ်နံရံဟာ ပါးလို့သာသနာပြုသူ့ဦးတို့က စုံတွဲတို့ရန်းထတဲ့အခါကြားခဲ့ရပါတယ်။ အိမ်နီးချင်းရဲ့ရန်းထချိန်နဲ့ ကိုက်ညီအောင်သူတို့ရဲ့ဝတ်ပြုချိန်ကို သူတို့သတ်မှတ်ခဲ့ကြပါတယ်။ သူတို့သီချင်းသီဆိုတဲ့အခါ၊ စိတ်နှလုံးအကြွင်းမဲ့သီဆိုခဲ့ကြပါတယ်။ သမ္မာကျမ်းစာကိုသူတို့ဖတ်ရှုခဲ့တဲ့အခါ၊ လူတစ်စုက ကြားနိုင်လောက်အောင်ကျယ်လောင်စွာသူတို့ ဖတ်ရှုခဲ့ကြပါတယ်။

**ဂျိမ်းစ်** အနေနဲ့စုံတွဲတို့ရဲ့ဝိညာဉ်ကယ်တင်မှုအတွက် ဆုတောင်းပေးခဲ့ပါတယ်။

လနဲ့ချီအချိန်လွန်သွားပြီးတဲ့နောက်၊ **ဂျိမ်းစ်** အနေနဲ့သူငှားရမ်းခဲ့တဲ့အိမ်မှာထူးခြားတာဘာတစ်ခုမှသတိမထားမိခဲ့ပါ။ သူတစ်ဦးတည်းနေတဲ့အခါမှာလည်း၊ ထုံးစံမဟုတ်တဲ့အရာတွေကိုသူမခံစားခဲ့ရပါ။ သူ့အနေနဲ့အသံဗလံဘာတစ်ခုမှမကြားခဲ့ရပါ။ ညမှာပိုးဟပ်တွေ၊ ဖားတွေနဲ့သခင်ဘုရားဖန်ဆင်းခဲ့တဲ့ညဘက်ကျက်စားတဲ့အကောင်တွေအသံပဲကြားခဲ့ရတယ်။

**ဂျိမ်းစ်** နဲ့သူ့သူငယ်ချင်းတို့က ဆုတောင်းခြင်းအားဖြင့်အသင်းသားတွေကိုအားပေးကာ တစ်နှစ်တာအချိန်ကိုသုံးစွဲခဲ့ကြပါတယ်။ သူတို့အနေနဲ့ယုံကြည်မှုမှာ ကြီးထွားတဲ့လူငယ်တစ်စုကိုတွေ့မြင်ခဲ့ရလို့ နှစ်ထောင်းအားရခဲ့ပါတယ်။

ရေနှစ်ခြင်းခံမှုဟာ သူတို့ရဲ့သာသနာလုပ်ငန်းကဏ္ဍမှာမပါခဲ့ပါ။ ဒါပေမဲ့ **ဂျိမ်းစ်** နဲ့သူ့ငယ်ချင်းတို့ကအိမ်ပြန်ဖို့ထုတ်ပိုးနေတဲ့အချိန်မှာ၊ လူငယ်၂ယောက်က ရေနှစ်ခြင်းခံဖို့တောင်းဆိုခဲ့ကြပါတယ်။ **ဂျိမ်းစ်** အနေနဲ့အံ့သြမဆုံးဖြစ်ခဲ့ရပါတယ်။ အဲဒီလူငယ်၂ယောက်ဟာမြော်လင့်ခြင်းအသင်းတော်ကမဟုတ်သလို သူ့အနေနဲ့သူတို့ရဲ့နှလုံးသားတွေကိုတွေ့ထိခဲ့တဲ့ သခင်ဘုရားကို ကျေးဇူးတင်ခဲ့ပါတယ်။

အိမ်နီးချင်းစုံတွဲတို့အပေါ်မှာ၊ **ဂျိမ်းစ်** အနေနဲ့ သူတို့ရဲ့အသံကျယ်ကျယ်သီချင်းဆိုမှုနဲ့ သမ္မာကျမ်းစာဆွေးနွေးမှုက အကျိုးသက်ရောက်မှုရှိသလားဆိုတာ အသေအချာပြောလို့မရခဲ့ပါ။ ဒါပေမဲ့သူတို့အိမ်ပြန်သွားဖို့ ပြင်ဆင်ခဲ့တဲ့အခါ၊ စုံတွဲတွေကဆက်နေဖို့ အနူးအညွတ်တောင်းပန်ခဲ့ကြပါတယ်။

"သင်တို့လာနေတဲ့နောက်ပိုင်းမှာ၊ကျွန်ုပ်တို့ အေးဆေးစွာအိပ်ပျော်ခဲ့တယ်" ဆိုပြီးခင်ပွန်းကပြောခဲ့ပါတယ်။ ဇနီးကလည်း၊"ကျေးဇူးပြုပြီးနေပါဦး" ဆိုပြီး ပြောခဲ့ပါတယ်။

အဲဒီအချိန်အတောအတွင်းမှာပဲ၊ **ဂျိမ်းစ်** အနေနဲ့သူတို့ရဲ့နှလုံးသားတွေပေါ်မှာသခင်ဘုရားကတကယ့်တကယ် အလုပ်လုပ်နေတယ်ဆိုတာ နားလည်သဘောပေါက်ခဲ့ပါတယ်။

အဖိုးတန်တဲ့ဖိလိပိုင်နိုင်ငံသားတွေနဲ့ အထူးသဖြင့်လက်လှမ်းမမီနိုင်တဲ့ ဝေးလံတဲ့ဒေသကလူတွေအတွက်ဆုတောင်းပေးကြပါ။ ဝိညာဉ်ကယ်ဆယ်နေတဲ့၊ သမ္မာတရားအားဖြင့်သူတို့ဆီမှာအရောက်သွားဖို့ကြိုးစားနေကြတဲ့ သာသနာပြုဆရာတွေအတွက်ဆုတောင်းပေးပါ။

**ဂျိမ်းစ်** အနေနဲ့ ဒီ ၁၃ ပတ်မှာဥပုသ်နေ့အလှူငွေလက်ခံရရှိမယ့်တောင်ပိုင်းအာရှပစိဖိတ်ဒီဗီဇံရဲ့အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ အင်အား ၁၀၀၀ သာသနာလှုပ်ရှားမှုအားဖြင့် ကျွန်းပေါ်သို့သွားခဲ့ပါတယ်။

အင်အား ၁၀၀၀ သာသနာလှုပ်ရှားမှုဟာ ဒီဗီဇံတစ်ခုလုံးမှာ နှစ်စဉ်နှစ်တိုင်းသာသနာပြုသူ ၁၀၀၀ ကို သင်တန်းပို့ချပြီး စေလွှတ်ဖို့ရှာကြံနေပါတယ်။

သာသနာပြုဆရာတစ်ဦးဖြစ်လာဖို့အတွက် **ဂျိမ်းစ်** အနေနဲ့သင်တန်းတက်ခဲ့တဲ့၊အင်အား ၁၀၀၀ သာသနာလှုပ်ရှားမှုဌာနကို၊ ၁၉၉၆ ခုနှစ်က ၁၃ ပတ်အလှူငွေရဲ့ထောက်ပံ့မှုအားဖြင့်ဖိလိပိုင်နိုင်ငံရဲ့မြို့တော် မနီလာမြို့ကြီးနားမှာတည်ဆောက်ခဲ့တာပါ။

ဇွန်လ ၂၈ ရက်နေ့မှာ၊ တောင်ပိုင်းအာရှပစိဖိတ် ဒီဗီဇံအတွက်သင်တို့အနေနဲ့ ၁၃ပတ်ဥပုသ်တော်နေ့အလှူငွေကို ရက်ရောစွာထည့်ဝင်လှူဒါန်းဖို့ စီစဉ်နေကြတဲ့အတွက်အထူးကျေးဇူးတင်ပါတယ်။

-ဝ-

## "စည်းကမ်းများလွန်းတယ်"

***မေလ(၁၁)ရက်*** ***တင်ပြသူ - Febiola, အင်ဒိုနီးရှားနိုင်ငံ***

(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကိုတင်ပြခိုင်းရန်)

Febiola ရဲ့အသက်တာဟာ အင်ဒိုနီးရှားနိုင်ငံမှာသူမမွေးခင်ကတည်းကကံဆိုးမိုးမှောင်ကျခဲ့ပါတယ်။ သူ့အဖေဆုံးတဲ့အချိန်မှာအမေဟာသူမကိုယ်ဝန်သုံးလရှိနေပါပြီ။

သူ့အသက် ၁၈ နှစ်မှာအမေသေဆုံးသွားခဲ့ပါတယ်။

နောက်၂နှစ်မှာအဖွားသေဆုံးခဲ့ပါတယ်။ အဖွားရဲ့သေဆုံးမှုကသူ့အတွက်အရမ်းစိတ်ထိခိုက်ခဲ့ပါတယ်။အသက်တာတလျှောက်လုံး Febiola ဟာအဖွားနဲ့နေခဲ့တာဖြစ်ပြီး၊သူမမပါဘဲ သူမအသက်ရှင်နေထိုင်ရန် တစ်ခါမှစိတ်မကူးခဲ့ပါ။

Febiola ဟာသူ့အဖွားသေဆုံးတဲ့အခါမှာ၊သူနာပြုဆရာမဖြစ်ဖို့ပညာသင်ယူနေပါတယ်။ သူမဟာ Klabat တက္ကသိုလ်က ဘော်ဒါဆောင်မှာနေထိုင်ပါတယ်။ သူ့အစ်မအနေနဲ့ မြော်လင့်ခြင်းတက္ကသိုလ်မှာ ပညာသင်ဖို့ထောက်ခံချက်ပေးခဲ့ပါတယ်။

သူ့အစ်မက၊"ဘော်ဒါမှာသင်နေလို့ရတယ်။အဲဒီမှာစည်းမျဉ်းစည်းကမ်းတွေရှိပြီး စည်းကမ်းတွေဟာကောင်းကြပါတယ်" ဆိုပြီး ပြောခဲ့ပါတယ်။

Febiola အနေနဲ့စည်းကမ်းတွေတကယ်ကောင်းသလားဆိုတာမသေချာခဲ့ပါ။တက္ကသိုလ်ကစည်းကမ်းအများကြီးရှိသလိုပါပဲ။ သူ့အဖွားနဲ့အသက်ရှင်ခဲ့တဲ့သူ့အသက်တာဟောင်းနဲ့နှိုင်းယှဉ်တဲ့အခါ၊ မယှဉ်သာအောင်ဖြစ်ခဲ့ရပါတယ်။ Febiola အနေနဲ့နေထိုင်မှုခက်ခဲတာကိုခံစားခဲ့ရပါတယ်။

စည်းကမ်းချက်တစ်ချက်က ဘော်ဒါသားတွေအနေနဲ့မနက်ည၊ ဝတ်ပြုမှုမှာမှန်မှန်တက်ရမယ်လို့ အတည်တကျရေးသားခဲ့ပါတယ်။ နောက်စည်းကမ်းချက်က တက္ကသိုလ်ဘုရားကျောင်းက ဥပုသ်တော်နေ့ဝတ်ပြုအစီအစဉ်တိုင်းမှာ ကျောင်းသားတွေသွားရမယ်လို့အတည်တကျရေးသားခဲ့ပါတယ်။

Febiola အနေနဲ့ သခင်ဘုရားနဲ့ကျမ်းစာမှာစိတ်ဝင်စားမှုမရှိလို့ သူ့အစ်မဆီမှာစည်းကမ်းချက်တွေအကြောင်းကို တိုင်ကြားခဲ့ပါတယ်။

သူ့အစ်မက၊"ဆက်ပြီးကြိုးစားပါဦး။ သင့်အနေနဲ့နောင်တရမှာမဟုတ်ဘူးနော်။စည်းကမ်းတွေဟာကောင်းကြပါတယ်" ဆိုပြီး ပြောခဲ့ပါတယ်။

Febiola အနေနဲ့စည်းကမ်းတွေကတကယ်ကောင်းပါ့မလားဆိုတာ မသေချာခဲ့ပါ။ ဒါပေမဲ့တက္ကသိုလ်မှာပညာသင်ဖို့ သူမအနေနဲ့ဆုံးဖြတ်ခဲ့ပါတယ်။

Febiola ဟာဘော်ဒါဆောင်ရဲ့အခန်းတစ်ခန်းမှာအခန်းဖော်မြော်လင့်ခြင်းအသင်းသူ(၃)ယောက်နဲ့အတူနေခဲ့ပါတယ်။ သူတို့အနေနဲ့ သူတို့ရဲ့အခန်းထဲမှာအတူတကွဆုတောင်းဖို့နဲ့

ဝတ်ပြုဖို့သူမကို ခေါ်ဖိတ်ခဲ့ကြပါတယ်။ သူတို့အနေနဲ့သောကြာနေ့ ညနေမှာ အတူတကွဥ ပုသ်နေ့ကိုကြိုဆိုဖို့ သူမကိုခေါ်ဖိတ်ခဲ့ကြပါတယ်။

Febiola အနေနဲ့ဘော်ဒါဆောင်မှာ မနက်ညဝတ်ပြုမှုနဲ့ဘုရားကျောင်းမှာဥပုသ်နေ့ ဝတ်ပြုအစီအစဉ်ကိုမှန်မှန်တက်ဖို့ မပျော်ရွှင်ခဲ့ပါ။ သူမအနေနဲ့သူ့အခန်းဖော်ကစုရုံးဝတ်ပြုမှု မှာပဲမပျော်တဲ့အပြင်၊ ဘော်ဒါဆောင်ချဲ့ချင်တဲ့အကျိုးအကြောင်းကိုလဲ နားမလည်ခဲ့ပါ။

သူ့နှလုံးသားထဲမှာစူးစမ်းချင်စိတ်ရှိလာလို့၊သူမက၊"ကျွန်မတို့အနေနဲ့ဥပုသ်တော်နေ့ မှာ ဘာဖြစ်လို့ဝတ်ပြုရမှာလဲ" ဆိုပြီး သူ့အခန်းဖော်တွေကိုမေးခဲ့ပါတယ်။

"သင့်အနေနဲ့ ဥပုသ်နေ့ဘုရားဝတ်ပြုမှုအကြောင်း သိချင်တယ်ဆိုရင်၊ သင့်ကိုသင် ကြားပေးဖို့ပါစတာထံမှာတောင်းဆိုလို့ရပါတယ်" ဆိုပြီးသူ့အခန်းဖော် တစ်ယောက်ကပြန် ပြောခဲ့ပါတယ်။

Febiolaကပါစတာနဲ့သမ္မာကျမ်းစာဆွေးနွေးဖို့အဆင်သင့်မဖြစ်ခဲ့တာကိုပြောခဲ့ပါတယ်။

"သင့်အနေနဲ့သက်တော့သက်သာမရှိဘူးဆိုရင်လည်းကောင်းပါတယ်။ သင့်အနေနဲ့ တက္ကသိုလ်မှာဘာသာရေးနဲ့ဆိုင်တဲ့အတန်း (၆) နာရီကို သင်ယူရမှာပါ။ သင့်အနေနဲ့အဲဒီမှာ ဥ ပုသ်နေ့အကြောင်းကိုပိုပြီးသင်ယူလို့ရလိမ့်မယ်" ဆိုပြီး သူ့အခန်းဖော်ကပြောခဲ့ပါတယ်။

Klabat တက္ကသိုလ်မှာကျောင်းသားအားလုံးက၊ ဘာသာရေးနဲ့သက်ဆိုင်တဲ့အတန်း (၆)နာရီသင်ယူရမှာဖြစ်လို့၊ Febiola အနေနဲ့ အဲ့ဒီအတန်းတွေမှာ ဥပုသ်နေ့နဲ့သက်ဆိုင်တဲ့မေး ခွန်းတွေအတွက် အဖြေတွေကိုရှာတွေ့ခဲ့ပါတယ်။ သူမအနေနဲ့နောက်ဆုံးအတန်းဖြစ်တဲ့ဗျာ ဒိတ်ကျမ်းအကြောင်းကို သင်ယူပြီးခဲ့တဲ့အခါ၊ သမ္မာကျမ်းစာကိုပိုပြီးလေ့လာချင်ကောင်းသူ့ ဆရာကို ပြောပြခဲ့ပါတယ်။

နောက်နှစ်ဝက်ကာလမှာ၊ ဘော်ဒါအုပ် Delly နဲ့သူ့ခင်ပွန်းတို့ကသူမနဲ့အတူသမ္မာ ကျမ်းစာကို လေးလေးနက်နက်စတင်သင်ယူခဲ့ကြပါတယ်။

အဲဒီအတောအတွင်းမှာပဲ၊ Febiola က သူကိုယ်တိုင်ကယ်တင်ရှင်အနေနဲ့သခင်ယေ ရှုကိုလက်ခံဖို့ဆုံးဖြတ်ခဲ့ပါတယ်။ သူ့နှလုံးသားကိုသခင်ယေရှုထံဆက်ကပ်ခဲ့ပြီးရေနှစ်ခြင်းခံ ယူခဲ့ပါတယ်။

သူရေနှစ်ခြင်းခံတဲ့နေကစပြီးတော့၊ သူ့နှလုံးသားဟာ အသစ်သောပျော်ရွှင်မှုနဲ့ပြည့်နေခဲ့ပါတယ်။ သူ့အဖေအမေရယ်၊ သူ့အဖွားရယ်ဆုံးရှုံးခဲ့ရပေမဲ့၊ သူမအနေနဲ့တက္ကသိုလ်မှာ အသစ်သော မိသားစုတစ်စု ရရှိခဲ့ပါတယ်။

ဘော်ဒါအုပ်နဲ့သူ့ခင်ပွန်းဟာသူ့မိဘလိုဖြစ်ပြီးတော့၊ သူ့အခန်းဖော်တွေဟာ ညီအစ်မတွေလိုဖြစ်လာကြပါတယ်။ အဲဒီအပြင်၊တက္ကသိုလ်ရဲ့စည်းကမ်းတွေအားဖြင့်သူမဟာဘယ်တော့မှစိတ်မညစ်တော့ပါ။

သူမက၊"ယခုအချိန်မှာ၊စည်းကမ်းတွေဟာကျမကောင်းကျိုးအတွက်ဖြစ်တယ်လို့ ကျွန်မအနေနဲ့စဉ်းစားခဲ့ပါတယ်" ဆိုပြီး ပြုံးရွှင်စွာပြောခဲ့ပါတယ်။

အင်ဒိုနီးရှားနိုင်ငံ၊ မာနာဒိုမြို့နားက ကလာဘတ်တက္ကသိုလ်မှာ Febiola နေတဲ့ Edelweissဘော်ဒါဆောင်ဟာ၁၉၈၁ခုနှစ်မှာ၁၃ပတ်ဥပုသ်တော်နေ့အလှူငွေတစ်ခုရဲ့ထောက်ပံ့မှုအားဖြင့် တည်ဆောက်ခဲ့ပါတယ်။

Febiola ဟာအမျိုးသမီးဘော်ဒါအုပ်နဲ့သူ့ခင်ပွန်းတို့ရဲ့ရေနှစ်ခြင်းခံဖို့ဦးဆောင်ခဲ့တဲ့အပျိုတွေထဲက တစ်ယောက်ဖြစ်ပါတယ်။ ဘုရားရဲ့ကောင်းကြီးမင်္ဂလာကြောင့်သင်တို့ရဲ့ဒီကွာတာ ၁၃ ပတ်ဥပုသ်တော်နေ့အလှူငွေအားဖြင့် ၄၄ နှစ်တုန်းက ကလာဘတ် တက္ကသိုလ်မှာ ဘော်ဒါဆောင်တည်ဆောက်ခဲ့တာကို ဆက်ပြီးတော့တာရှည်ခံစေရမှာဖြစ်ပါတယ်။

ဇွန်လ၂၈ ရက်နေ့မှာ သင်တို့အနေနဲ့ ၁၃ ပတ်ဥပုသ်တော်နေ့အလှူငွေကိုရက်ရောစွာ ထည့်ဝင်လှူဒါန်းဖို့ စီစဉ်နေကြတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

-o-

## "ကင်းမွန်ငါးသားဒါမှမဟုတ် ခွေးသား"

***ဇွန်လ(၇)ရက်၊*** ***တင်ပြသူ- John, Indonisia***

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

John အနေနဲ့ အင်ဒိုနီးရှားနိုင်ငံမှာတရားဟောတဲ့အစီအစဉ်နဲ့အလုပ်များခဲ့ပါတယ်။ ပါပွားပြည်နယ်ကတနင်္ဂနွေနေ့ဥပုသ်နေ့စောင့်ရှောက်တဲ့ အသင်းတော်ရဲ့ပါစတာတစ်ဦးအနေနဲ့ ကျွန်းတစ်ကျွန်းပေါ်မှာ တရားပွဲတစ်ခုသူ့အနေနဲ့အဆုံးသတ်ခဲ့ပြီး၊ အခြားတရားပွဲတစ်ခုအတွက် အိမ်ပြန်ရမှာဖြစ်ပါတယ်။ သူဟာလေယာဉ်နဲ့သွားရမှာဖြစ်ပေမဲ့၊ လေယာဉ်လက်မှတ်

ကုန်နေပြီဖြစ်လို့၊ သူ့အနေနဲ့သုံးရက်တာပင်လယ်ရေကြောင်းခရီးအတွက်သင်္ဘောလက်မှတ်ဝယ်ခဲ့ရပါတယ်။

အဲဒါဟာ သူ့အသက်တာပြောင်းလဲစေမယ့်ဆုံးဖြတ်ချက်တစ်ခုဖြစ်ပါတယ်။

John အနေနဲ့ခရီးသည်တွေ ကြမ်းပြင်ပေါ်မှာဘေးချင်းတိုက်အိပ်ရတဲ့ခန်းမရှည်ရဲ့ သင်္ဘောကုန်းပတ်နေရာကတန်ဖိုးအနဲဆုံးလက်မှတ်ကိုဝယ်ခဲ့ပါတယ်။အဲ့ဒီအတောအတွင်းခရီးသည်တွေဟာ စကားပြောရင်းနဲ့အချိန်ကုန်ခဲ့ပါတယ်။

John, အနေနဲ့ သူ့ဘေးမှာထိုင်နေတဲ့အမျိုးသမီးနဲ့ စကားပြောခဲ့ပါတယ်။

ကြင်နာမှုပြတဲ့အနေနဲ့ John ကသူ့အစားအစာအချို့ကိုသူမအားပေးကမ်းခဲ့ပါတယ်။

ဆီနဲ့ရောတဲ့ရေနွေးငွေ့နဲ့ချက်တဲ့ ကင်းမွန်ငါးထည့်ထားတဲ့ပလတ်စတစ်ဘူးတစ်ဘူးကိုသူကပေးကမ်းခဲ့တော့၊ သူမအနေနဲ့သူ့ခေါင်းကိုခါပြီး၊"ကျေးဇူးတင်ပါတယ်" ကျွန်မကအဲဒီလိုအစာမျိုးကိုမစားပါဘူး" ဆိုပြီး ပြောခဲ့ပါတယ်။

John, အနေနဲ့သူမက ကင်းမွန်ငါးမကြိုက်ဘူးလို့စဉ်းစားခဲ့ပြီး၊ သင်္ဘောပေါ်မတက်ခင်လေးမှာလမ်းဘေးဈေးဆိုင်တစ်ဆိုင်ကနေ ဝယ်လာခဲ့တဲ့ခွေးသားထည့်ထားတဲ့ပလတ်စတစ်ဘူးကို ပေးကမ်းခဲ့ပြန်ပါတယ်။

ဒါပေမဲ့ သူမက"ကျေးဇူးတင်ပါတယ်"။ ကျွန်မကဒီလိုအစာမျိုးမစားဘူး" ဆိုပြီးပြန်ပြောတော့ John အနေနဲ့ အံ့သြမိခဲ့ပါတယ်။

"ဘာဖြစ်လို့ဒီအစားအစာတွေကိုသင်မစားတာလဲ" ဆိုပြီး John ကမေးတော့၊သူမက"ကျွန်မဟာမြော်လင့်ခြင်းအသင်းသူတစ်ဦးဖြစ်လို့ပါ" ဆိုပြီး ပြောခဲ့ပါတယ်။

John အနေနဲ့ပါစတာမဖြစ်လာခင်မှာ အလုပ်လုပ်ခဲ့တဲ့သာသနာပြုကျောင်းတစ်ကျောင်းကမြော်လင့်ခြင်းကျောင်းသားတစ်ယောက်ကို စာသင်ပေးရာမှာ၊မြော်လင့်ခြင်းအသင်းသားတွေရဲ့အကြောင်းကိုသိရှိခဲ့တာ ဖြစ်ပါတယ်။

ဒါပေမဲ့ သူ့အနေနဲ့အဲဒီအမျိုးသမီးက သူ့ယုံကြည်ချက်မှာသစ္စာရှိလို့လေးစားခဲ့မိပါတယ်။ ဒါကြောင့်၊ အဲဒီအစားအစာတွေကိုထားခဲ့ပြီးတော့၊ သူတို့ ၂ဦး ဟာအခြားအရာတွေအကြောင်းကိုသာပြောခဲ့ကြပါတယ်။ သူ့နာမည်ဟာ Ingrid ဖြစ်ကြောင်းသိရှိခဲ့ရပါတယ်။

ယခု John အနေနဲ့သင်္ဘောစီးခဲ့တဲ့အခါ၊ သူဟာ ပါစတာဖြစ်မှန်းတစ်စုံတစ်ယောက်မှမပြောခဲ့ပါ။ ဒါပေမဲ့ ပါပွားပြည်နယ်ဟာခရစ်ယာန်အများဆုံးနေထိုင်တဲ့ကျွန်းဖြစ်ပြီး၊အဲဒီမှာနေထိုင်တဲ့ အင်ဒိုနီးရှားနိုင်ငံသားတွေကပင်လယ်ခရီးထွက်တဲ့ရိုးရာဓလေ့ရှိကြပါတယ်။

ပင်လယ်ရေကြောင်းခရီးရှည်မှာ သင်္ဘောရေယာဉ်မှူးအနေနဲ့"သင်္ဘောပေါ်မှာပါစတာတစ်ပါးပါးရှိပါသလား။ ကျွန်ုပ်တို့အတွက်ဆုတောင်းပေးဖို့နဲ့ ဝတ်ပြုမှုအစီအစဉ်လုပ်ပေးဖို့ကျွန်ုပ်တို့အနေနဲ့တောင်းဆိုချင်ပါတယ်" ဆိုပြီး တောင်းဆိုခဲ့ပါတယ်။

John ရဲ့ ပင်လယ်ရေကြောင်းခရီးစဉ်နောက်ဆုံးနေ့မှာ သင်္ဘောရေယာဉ်မှူးကမေးခွန်းထုတ်ခဲ့ပါတယ်။Johnအနေနဲ့သူ့ရာထူးကိုပြောပြပြီးဝတ်ပြုခြင်းနဲ့ဆုတောင်းတာကိုဦးဆောင်ခဲ့ပါတယ်။

Ingrid အနေနဲ့ John ဟာပါစတာတစ်ပါးဖြစ်မှန်းသိရှိပြီးအံ့သြကာ၊ သူနဲ့စကားသိပ်မပြောချင်တော့ပါ။

ဒါပေမဲ့ဆိပ်ကမ်းမှာသင်္ဘောဆိုက်တဲ့အခါ၊ John အနေနဲ့ဖုန်းနံပါတ်တွေလဲလှယ်ဖို့အမိအရတိုက်တွန်းခဲ့ပါတယ်။ သူမနဲ့ပြန်တွေ့ဖို့ John အနေနဲ့တောင်းဆိုတဲ့အခါ၊ သူမက မြော်လင့်ခြင်းအသင်းတော်သို့ သူ့ကို ခေါ်ဖိတ်ခဲ့ပါတယ်။

နောက်တစ်လမှာ၊ဥပုသ်နေ့တိုင်း John ဟာသူမနဲ့အတူ ဘုရားကျောင်းတက်ခဲ့ပါတယ်။

အဲဒီနောက် ထုံးစံမဟုတ်တဲ့တစ်စုံတစ်ရာဖြစ်ပျက်ခဲ့ပါတယ်။ သူ့အနေနဲ့တနင်္ဂနွေနေ့မှာဝတ်ပြုရတာသက်တောင့်သက်သာမရှိခဲ့ပါ။သူ့အသင်းတော်မှာသူ့ကိုတရားဟောခိုင်းတဲ့အခါ သက်တောင့်သက်သာမရှိလို့တစ်ခြားနေရာသွားစရာရှိကြောင်းဆင်ခြေပေးခဲ့တယ်။

သူ့အနေနဲ့မြော်လင့်ခြင်းအသင်းသားတစ်ဦးဖြစ်ချင်ကြောင်း၊ သူ့အသင်းတော်မှာပြောပြတဲ့အခါ ပိုပြီးမြင့်တဲ့ရာထူးနဲ့ ပိုပြီးများတဲ့လစာကိုပေးမဲ့အကြောင်း အသင်းတော်ကကမ်းလှမ်းခဲ့ပါတယ်။

ဒါပေမဲ့သူ့ကိုသွေးဆောင်လို့မရခဲ့ပါ။သူကိုယ်တိုင်ကျမ်းစာလေ့လာတဲ့အခါ၊သတ္တမနေ့ဟာသခင်ဘုရားရဲ့ဥပုသ်နေ့ဖြစ်တယ်ဆိုတာသူ့အနေနဲ့လက်ခံခဲ့ပါတယ်။ ကင်းမွန်ငါးနဲ့ခွေးသားလိုမသန့်ရှင်းတဲ့ အသားတွေကို သမ္မာကျမ်းစာက တားမြစ်ထားတာကို လဲသူလက်ခံခဲ့ပါတယ်။

အဲဒီပင်လယ်ရေကြောင်းခရီးမှာ၃နှစ်ကြာတဲ့အခါ၊Johnနဲ့Ingridတို့လက်ထပ်ခဲ့ပါတယ်။

ယခုအချိန်မှာ Johnအနေနဲ့Sulawesi ကျွန်းကလာဘတ်တက္ကသိုလ်မှာဘုရားတရားဘာသာကိုသင်ယူနေပါတယ်။

Ingrid ကသူ့ပေးခဲ့တဲ့အစားအစာကိုပယ်ချခဲ့လို့သူ့အနေနဲ့ဝမ်းသာခဲ့တယ်။သူ့သက်သေခံချက်အားဖြင့် သူကသတ္တမနေ့ဥပုသ်အကြောင်းကို သိရှိလာခဲ့တာဖြစ်ပါတယ်။

သူ့အနေနဲ့ပါပွားပြည်နယ်မှာပြန်သွားပြီးတော့၊သခင်ဘုရားရဲ့ဥပုသ်နေ့အကြောင်းကိုအခြားလူတွေကိုသင်ပေးဖို့မျှော်လင့်တောင့်တနေပါတယ်။

ဒီ ၁၃ ပတ်ရဲ့ဥပုသ်နေ့အလှူငွေအားဖြင့်ပါပွားပြည်နယ်ရဲ့ကျွန်းကJohnရဲ့ဇာတိမွေးရပ်မြေမှာ ဧဝံဂေလိသတင်းစကားပျံ့နှံ့စေဖို့အတွက်ကူညီပံ့ပိုးသွားမှာဖြစ်ပါတယ်။အဲဒီရန်ပုံငွေဟာပါပွားပြည်နယ်၊Nabire မြို့က Papua Adventist Theology College မှာစာသင်ခန်းတွေ၊စီမံအုပ်ချုပ်ရေးအဆောက်အအုံတစ်ဆောင်၊စာကြည့်တိုက်တစ်ဆောင်နဲ့ခန်းမဆောင်တစ်ဆောင်ဆောက်လုပ်ရာမှာ အသုံးပြုသွားမှာဖြစ်ပါတယ်။

အမှတ်မထင်ပဲ၊Johnအနေနဲ့ပညာသင်ကြားနေတဲ့Sulawesiကျွန်းပေါ်မှာရှိတဲ့ကလာဘတ်တက္ကသိုလ်က၁၉၈၁ ခုနှစ်မှာ ၁၃ပတ်ဥပုသ်နေ့အလှူငွေကိုလက်ခံရရှိခဲ့ပါတယ်။

ဇွန်လ၂၈ရက်နေ့၊ဥပုသ်နေ့မှာအင်ဒိုနီးရှားနိုင်ငံက ဧဝံဂေလိသတင်းစကားဟောကြားသက်သေခံရာမှာဆက်ပြီးတော့ကူညီထောက်ပံ့ဖို့အတွက် သင်တို့အနေနဲ့အလှူငွေကိုရက်ရောစွာလှူဒါန်းဖို့စီစဉ်နေတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

-o-

## “အသင်းတော်မရှိတဲ့ မြို့ငယ်အတွက် ဆုတောင်းပေးမှု”

***ဇွန်လ(၁၄)ရက်၊*** ***တင်ပြသူ- ဂျယ်ရီ၊ အင်ဒိုနီးရှားနိုင်ငံ၊***

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

ဂျယ်ရီဟာ ယောက်ျားလေးဘဝတုန်းက သူ့အဖေနဲ့အတူပါပွားပြည်နယ်ကအင်ဒိုနီးရှားတွေနေထိုင်တဲ့ကျွန်းပေါ်မှာမြို့ငယ်တစ်မြို့ကနေနောက်တစ်မြို့သို့အသင်းသားတွေထံသွားလည်ပတ်ဖို့ ခရီးသွားခဲ့ပါတယ်။

သူ့အဖေဟာမြော်လင့်ခြင်းပါစတာတစ်ဦးဖြစ်ခဲ့ပြီး၊မြော်လင့်ခြင်းအသင်းတော်မရှိသေးတဲ့မြို့ငယ်တွေမှာရောက်တဲ့အခါတိုင်း၊မြို့ငယ်ရဲ့အပြင်မှာရပ်ပြီးတော့၊ "အိုအဖဘုရား၊ ကျေးဇူးပြုပြီးတစ်နေ့ကျရင်မြော်လင့်ခြင်းအသင်းတော်တစ်ပါးပေးခြင်းအားဖြင့်ဒီမြို့ငယ်ကိုကောင်းကြီးပေးတော်မူပါ" ဆိုပြီး အဖေကဆုတောင်းခဲ့ပါတယ်။

ဂျယ်ရီအနေနဲ့ သခင်ဘုရားကအဲဒီဆုတောင်းမှုကိုတုံ့ပြန်တာတွေ့မြင်ခဲ့ပါတယ်။သူ့အဖေဆုတောင်းပြီးငါးနှစ်အကြာမှာမြို့ငယ်တစ်မြို့မှာ အသင်းတော်တစ်ပါးတည်ထောင်ခဲ့ပါတယ်။ အခြားမြို့ငယ်တစ်မြို့မှာ နှစ်ပေါင်း ၂၀ကြာပြီးတဲ့နောက် အသင်းတော်တစ်ပါးတည်ထောင်ဖွင့်လှစ်ခဲ့ပြန်ပါတယ်။

ဂျယ်ရီအနေနဲ့အဖေ့ခြေရာအတိုင်း ပါပွားပြည်နယ်မှာ ပါစတာ တစ်ဦးဖြစ်လာခဲ့ပါတယ်။ Sentani Lake ဝန်းကျင်ကအသင်းသားတွေဆီသွားလည်ပတ်ရင်း၊အရင်တုန်းကနှစ်နဲ့ချီပြီးသူ့အဖေဆုတောင်းပေးခဲ့တဲ့မြို့ငယ်တွေမှာအသင်းတော်တစ်ချို့တည်ထောင်ခဲ့တာကိုတွေ့မြင်ခဲ့ရလို့ သူ့အနေနဲ့စိတ်တက်ကြွခဲ့ပါတယ်။

ဒါပေမဲ့SentaniLakeပေါ်မှာမြော်လင့်ခြင်းအသင်းတော်မရှိတဲ့အပြင်၊မြော်လင့်ခြင်းအသင်းသားတစ်ယောက်မှမရှိတဲ့မြို့ငယ်တစ်မြို့ကိုတွေ့မြင်ခဲ့ပါတယ်။အသင်းသားတွေရှိတဲ့အခြားမြို့ငယ်သို့ပင်လယ်ခရီးထွက်ရင်း သူ့စက်လှေငယ်က Yoboi မြို့ငယ်ကိုကျော်ဖြတ်ခဲ့ပါတယ်။

ဂျယ်ရီအနေနဲ့အသင်းသားမရှိတဲ့မြို့ငယ်အတွက်ဆုတောင်းပေးတဲ့သူ့အဖေအလေ့အထကိုသတိရခဲ့ပြီး၊ Yoboi မြို့ငယ်အတွက်ဆုတောင်းပေးချင်လို့ စက်လှေကို အရှိန်လျှော့မောင်းဖို့တောင်းဆိုခဲ့ပါတယ်။

နောက်ဘာဖြစ်ပျက်ခဲ့လဲဆိုတာသူ့အနေနဲ့နောက်တော့မှသိရှိခဲ့ရပါတယ်။

ဂျယ်ရီဆုတောင်းပြီးနောက်၂လအကြာမှာ၊ Yoboi မြို့ငယ်မှာနေထိုင်သူတစ်ဦးက Holy Landလေ့လာရေးအတွက်ဣသရေလနိုင်ငံသို့ခရီးထွက်ခဲ့ပါတယ်။သူ့နာမည်ဟာThonceဖြစ်ခဲ့ပြီး၊သူတည်းတဲ့ယေရုရှလင်ဟိုတယ်ရဲ့ ပြတင်းပေါက်ကနေအပြင်ကိုကြည့်လိုက်တော့၊ လမ်းမကြီးပေါ်မှာထုံးစံမဟုတ်တဲ့ လှုပ်ရှားမှုတွေကိုသတိပြုမိခဲ့တယ်။ အချက်ပေး ဥဩသံ

ကြောင့် ဘတ်စ်ကားဂိတ်စခန်းမှာ ကားတွေအလျှင်အမြန်နားခဲ့ကြပါတယ်။ ပြီးတော့အားလုံး ငြိမ်သက်သွားခဲ့ပါတယ်။

Thonce အနေနဲ့နာရီကိုကြည့်လိုက်တော့သောကြာနေ့ ညနေဖြစ်နေတာတွေ့ခဲ့ပါရပါတယ်။သူ့အနေနဲ့ ဂျူးဘာသာကိုးကွယ်သူတွေကဥပုသ်နေ့အတွက် သူတို့ရဲ့အလုပ်မှနားကြတာကိုနားလည်သဘောပေါက်ခဲ့ပါတယ်။

ပြီးတော့၊ သူ့အနေနဲ့ ပါပွားပြည်နယ်မှာသောကြာနေ့နေဝင်ချိန်ကနေစနေနေ့ နေဝင်ချိန်ထိတိုင်ဥပုသ်နေ့ကို စောင့်ရှောက်ဖို့အတွက်အလုပ်မှနားခဲ့တဲ့ မြော်လင့်ခြင်းအသင်းသားများစွာနဲ့အတူ၊ အလုပ်လုပ်ခဲ့တာကို သူသတိရခဲ့မိပါတယ်။

သူ့အနေနဲ့၊"မြော်လင့်ခြင်းအသင်းတော်ကက္ကသရေလလူမျိုးတွေဝတ်ပြုကိုးကွယ်တဲ့နေ့မှာပဲ ဝတ်ပြုကိုးကွယ်ကြတယ်။ ဘာဖြစ်လို့ ကျွန်တော်တို့ အသင်းတော်ကသူတို့လိုမလုပ်ရတာလဲ။ကျွန်တော့်အသင်းတော်ကက္ကသရေလလူမျိုးတွေရဲ့သခင်ဘုရားကိုဝတ်ပြုကိုးကွယ်တယ်လို့အခိုင်ပြောဆိုတာ"ဆိုပြီးစဉ်းစားခဲ့ပါတယ်။သူ့အနေနဲ့အိမ်ပြန်သွားတဲ့အခါအဖြေရှာတွေ့ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

သူ့အနေနဲ့ပါပွားပြည်နယ်သို့ပြန်သွားတဲ့အခါ၊အိမ်နီးချင်းမြို့ငယ်တစ်မြို့ကမြော်လင့်ခြင်းအသင်းတော်တစ်ပါးမှာသွားခဲ့ပြီး၊သူတို့တွေတရားပွဲကျင်းပနေကြောင်းသိရှိခဲ့ရပါတယ်။အသင်းအုပ်ဆရာဂျယ်ရီအနေနဲ့တရားပွဲမှာ တက်ရောက်ဖို့Thonceကိုခေါ် ဖိတ်ခဲ့ပါတယ်။

Thonceအနေနဲ့တရားပွဲမှာ ဥပုသ်နေ့နဲ့သက်ဆိုင်တဲ့သူ့မေးခွန်းအတွက်သမ္မာကျမ်းစာဆိုင်ရာအဖြေတွေကို ရှာတွေ့ခဲ့ပါတယ်။ သူ့အနေနဲ့ ဥပုသ်တော်နေ့ကိုစောင့်ရှောက်ဖို့ဆုံးဖြတ်ခဲ့ပြီးတော့၊သူနဲ့သူ့ဇနီးတို့ဟာမြော်လင့်ခြင်းအသင်းသားတွေဖြစ်လာခဲ့ကြပါတယ်။

သူတို့ရေနှစ်ခြင်းခံပြီးတဲ့နောက်မကြာချင်မှာပဲ၊ဂျယ်ရီအနေနဲ့ Yoboi မြို့ငယ်ကသူတို့အိမ်မှာသွားလည်ပတ်ခဲ့ပြီး၊အိမ်အသင်းတော်တစ်ပါးဖွဲ့စည်းတည်ထောင်ရာမှာကူညီခဲ့ပါတယ်။ အဲဒါဟာသူ့ဆုတောင်းမှုအတွက်တုံ့ပြန်မှုတစ်ခုဖြစ်တဲ့အပြင်၊သူ့အဖေအမေ့အနှစ်ကိုဆက်လက်လုပ်ဆောင်တာဖြစ်ပါတယ်။

ယခုအချိန်မှာ၊ကလာဘတ်တက္ကသိုလ်ကမြော်လင့်ခြင်းအသင်းတော်ရဲ့အသင်းအုပ်ဆရာဖြစ်တဲ့ ဂျယ်ရီဂျက်ကော့ အနေနဲ့၊"ကျွန်တော့အဖေအမေ့အနှစ်အတွက်ကျေးဇူးတင်ပါ

တယ်။တစ်နေ့ကျရင်ဒီမြို့ငယ်မှာဘုရားကျောင်းတစ်ဆောင်ဆောက်လို့ရအောင်ဆက်လက်ဆုတောင်းကြပါစို့” ဆိုပြီး ပြောခဲ့ပါတယ်။

အင်ဒိုနီးရှားနိုင်ငံ၊ပါပွားပြည်နယ်က Yoboi မြို့ငယ်အတွက်ဆုတောင်းပေးကြပါ။ ကျွန်းပေါ်မှာရှိတဲ့နေရာတိုင်းကိုဧဝံဂေလိသတင်းစကားရောက်ဖို့ပိုပြီးတော့များပြားတဲ့ဘုရားကျောင်းတွေဆောက်လုပ်နိုင်ဖို့အတွက် ဆုတောင်းပေးကြပါစို့.....။

ဒီကွာတာရဲ့၁၃ပတ်ဥပုသ်တော်နေ့အလှူငွေကပါပွားပြည်နယ်မှာ၊Papua Adventist Theology College ကစာသင်ခန်းတွေ၊ စီမံအုပ်ချုပ်ရေးအဆောက်အအုံတစ်ဆောင်၊ စာကြည့်တိုက်တစ်ဆောင်နဲ့ ခန်းမတစ်ဆောင်ဆောက်လုပ်မှုအားဖြင့် ဧဝံဂေလိသတင်းစကားပျံ့နှံ့စေဖို့အတွက်ကူညီသွားမှာ ဖြစ်ပါတယ်။

အဲဒီကောလိပ်ဟာ ၂၀၁၉ ခုနှစ်မှာရေလွှမ်းမိုးမှုကြောင့် ကျောင်းဝန်းအဟောင်းကြီးပျက်စီးသွားပြီးနောက်၊ယခုNabire မြို့သို့ပြောင်းရွှေ့ခဲ့ပါတယ်။Papua Adventist Theology College မှာအသုံးပြုသွားမှာဖြစ်ပါတယ်။ လောလောလတ်လတ်၊ကျောင်းသားတွေဟာမြော်လင့်ခြင်းတက္ကသိုလ်တစ်ခုကနေ ချေးငွေအားဖြင့်စီစဉ်တဲ့ စာသင်ခန်းတွေမှာစာသင်ခဲ့ကြပါတယ်။

ကောလိပ်မှာပါစတာတွေနဲ့သမ္မာကျမ်းစာအမှုတော်ဆောင်တွေရဲ့လေ့ကျင့်မှုကို ကူညီထောက်ပံ့ဖို့အတွက်သင်တို့အနေနဲ့ အလှူငွေကိုရက်ရက်ရောရောလှူဒါန်းဖို့စီစဉ်နေကြတဲ့အတွက် ကျေးဇူးတင်ပါတယ်။

-၀-

## “ထူထပ်တဲ့တောထဲက အံ့သြဖွယ်ဖြစ်ရပ်” (အပိုင်း-၁)

***ဇွန်လ(၂၁)ရက်၊*** ***တင်ပြသူ-Armi , အင်ဒိုနီးရှားနိုင်ငံ***

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

ထူထပ်တဲ့တောထဲက သာသနာပြုကျောင်းမှာ ပညာသင်နေတဲ့ မိန်းကလေးတစ်ယောက်ကလမ်းလျှောက်လို့မရတဲ့ မိခင်တစ်ဦးအကြောင်းကို သူ့ကျောင်းဆရာ Armi ထံပြောပြခဲ့ပါတယ်။

Armi အနေနဲ့ အင်ဒိုနီးရှားနိုင်ငံက ပါပွားပြည်နယ်ရဲ့တောင်တွေမှာ တစ်စုံတစ်ဦးကို တွေ့ဖို့တစ်ခါမှမလာခဲ့ဘူးပါ။သူဟာဆရာဝန်မဟုတ်သလိုဆေးဝါးအကြောင်းလဲမသိခဲ့ပါ....။

သူဟာထူထပ်တဲ့တောထဲကသာသနာပြုကျောင်းမှာ ကလေးတွေရဲ့သမားတော်ဖြစ်တဲ့သခင်ယေရှုအကြောင်းသင်ကြားပေးဖို့ရောက်လာတဲ့သာသနာပြုဆရာတစ်ဦးဖြစ်တယ်။ ဒါပေမဲ့သူ့အနေနဲ့လမ်းလျှောက်လို့မရတဲ့မိခင်တစ်ဦးအကြောင်းကိုကြားသိရတဲ့အခါ၊သူ့နှလုံးသားကိုထိတွေ့ခဲ့ပါတယ်။ သူနဲ့သာသနာပြုအဖွဲ့ဝင်တစ်ဦးက၊ အရမ်းဝေးတဲ့အဲ့ဒီမိခင်ရွာမှာသွားလည်ပတ်ဖို့အတွက် တောင်ပေါ်သို့ရှစ်နာရီကြာခြေလျင်ခရီးထွက်ဖို့ဆုံးဖြတ်ခဲ့ပါတယ်။

Armi နဲ့သူ့သူငယ်ချင်းတို့ကမြက်တဲငယ်လေးတစ်ဆောင်မှာအဲဒီမိခင်ကိုရှာတွေ့ခဲ့ကြပါတယ်။ သူမဟာကုတင်တစ်လုံးပေါ်မှာအနာကြောင့်ငိုကြွေးနေခဲ့ပါတယ်။သူ့လက်ျာဖက်ဒူးပေါ်မှာ ဒဏ်ရာရှိခဲ့ပြီး၊အဲ့ဒီအနာဟာဖောင်းနေခဲ့ပါတယ်။

Armi နဲ့သူ့သူငယ်ချင်းဟာသူမပြောတာကိုနားမလည်ခဲ့ပါ။ သူမအနေနဲ့လည်းသူတို့ပြောတာကိုနားမလည်ခဲ့ပါ။သူတို့ကခြားနားတဲ့ဒေသစကားတွေနဲ့ပြောကြတာပါ။မိခင်အနေနဲ့လက်အမူအရာအားဖြင့် လွန်ခဲ့တဲ့၇နှစ်တုန်းက သစ်ပင်ပေါ်ကနေသူမကျွတ်ထွက်ခဲ့ပြီး အဲ့ဒီနောက်မှာ လမ်းလျှောက်လို့မရတော့ကြောင်းရှင်းပြခဲ့ပါတယ်။

အဲဒီရွာဟာဝေးလွန်းလို့ဆရာဝန်နဲ့ဆေးရုံမှာဆေးကုသဖို့မဖြစ်နိုင်ခဲ့ပါ။သစ်ပင်ပေါ်ကနေသူမကျွတ်ထွက်ခဲ့ပြီးတဲ့နောက်မှာ သူ့ယောကျ်ားကကလေး၄ယောက်ပြုစုပျိုးထောင်ဖို့အတွက် သူမကို စွန့်လွှတ်ခဲ့ပါသေးတယ်။

မိခင်ဟာသွားလည်ပတ်မှုအတွက်စိတ်သက်သာရာရခဲ့ပါတယ်။ သူ့အနေနဲ့မျှော်လင့်ချက်ဟူသမျှဆုံးရှုံးခဲ့ရပါတယ်။ သူမအနေနဲ့ Armi နဲ့သူ့သူငယ်ချင်းတို့အပေါ်မှာအသစ်သောမျှော်လင့်ချက်ရှိခဲ့လို့ "ကျွန်မလမ်းလျှောက်လို့ရအောင်ကျေးဇူးပြုပြီးမစကြပါ" ဆိုပြီး အသနားခံခဲ့ပါတယ်။

Armi နဲ့သူ့သူငယ်ချင်းဟာမြက်တဲအပြင်မှာထွက်ပြီး၊"အိုသခင်ဘုရား၊ကျွန်ုပ်တို့ကိုစဉ်းစားဉာဏ်ပေးတော်မူပါ။ကျွန်ုပ်တို့ကဆေးဝါးနဲ့ပတ်သက်ပြီးဘာမှမသိပေမဲ့အဲဒီအမျိုးသမီးကိုဘယ်လိုမစရမလဲပြသတော်မူပါ" ဆိုပြီး ဆုတောင်းခဲ့ပါတယ်။

Armi နဲ့သူ့သူငယ်ချင်းဟာတဲထဲပြန်ဝင်ခဲ့ပြီး၊ မိခင်ဒဏ်ရာကိုဆေးကြောပေးခဲ့ကြပါတယ်။ သူတို့ရဲ့မျက်နှာမှာချွေးတွေထွက်ခဲ့ပါတယ်။ သူတို့ဟာဒဏ်ရာပိုဆိုးလာမှာကိုစိုးရိမ်ခဲ့ကြပါတယ်။တဲထဲမှာအိမ်နီးချင်းတွေကစောင့်ကြည့်ရန်စုရုံးခဲ့ကြလို့ Armi နဲ့သူငယ်ချင်းဟာပိုပြီးချွေးထွက်ခဲ့ရပါတယ်။

ပြီးတော့၊ Armi က သခင်ယေရှုအကြောင်းကိုအဲဒီအမျိုးသမီးထံပြောပြခဲ့ပါတယ်။

သူ့အနေနဲ့သူမနားလည်အောင်လက်အမူအရာသုံးပြီးတော့၊"ပုဂ္ဂိုလ်တစ်ဦးကပဲသင့်ကိုကုစားလို့ရတယ်။ အဲဒီပုဂ္ဂိုလ်ဟာသခင်ယေရှုပါပဲ" ဆိုပြီး ပြောခဲ့ပါတယ်။

မိခင်နဲ့အိမ်နီးချင်းတွေက သခင်ယေရှုအကြောင်းကို တစ်ခါမှမကြားခဲ့ဖူးပါ။ သူတို့ဟာ ထူးခြားနက်နဲတဲ့ဉာဏ်အမြင်နဲ့ လက်တွေ့အသုံးချခဲ့ကြပါတယ်။

မိခင်က၊ "သခင်ယေရှုအကြောင်းဘာတစ်ခုမှကျွန်မမသိပါဘူး။ ဒါပေမဲ့ကျွန်မကျန်းမာရေးကိုနဂိုအတိုင်းပြန်ဖြစ်လာစေသူဘယ်သူ့ကိုမဆိုကျမလက်ခံမယ်" လို့ ပြောခဲ့ပါတယ်။

ဒဏ်ရာကိုဆေးကြောပြီးတဲ့နောက်မှာ၊ Armi အနေနဲ့ သူ့ကျောပိုးအိတ်ထဲကပါလာတဲ့ကျောက်မီးသွေးနဲ့ဗိုက်တာမင်စီဆေးပြားကိုပေးကမ်းခဲ့ပါတယ်။ပြီးတော့၊သူ့အနေနဲ့ မိခင်နဲ့အိမ်နီးချင်းတွေကိုဆုတောင်းဖို့အတွက် ခေါ် ဖိတ်ခဲ့ပါတယ်။

ဆုတောင်းပြီးတော့မျက်စိဖွင့်လိုက်တဲ့အခါ၊ Armi ကမိခင်နဲ့အိမ်နီးချင်းတွေငိုနေတာကိုတွေ့မြင်ခဲ့ပါတယ်။ ဘာတွေမှားယွင်းနေသလဲဆိုတာ စဉ်းစားရင်း ထိန်းမရအောင်သူလန့်ခဲ့ပါတယ်။ သူသတိရလာတော့ အိမ်နီးချင်းတွေကဆုတောင်းခြင်းက သူ့နှလုံးသားကိုထိတွေ့စေခဲ့ကြောင်း ရှင်းပြခဲ့ကြပါတယ်။

တစ်ယောက်က၊"သင့်ဆုတောင်းမှုကိုတစ်စုံတစ်ဦးကကျွန်ုပ်ရဲ့နားထဲမှာဘာသာပြန်ပေးနေသလိုပါပဲ" ဆိုပြီး ပြောခဲ့ပါတယ်။

အခြားတစ်ယောက်က၊"သင်ဆုတောင်းနေတဲ့အတောအတွင်းမှာ၊ ကျွန်ုပ်တို့အနားမှာလုံခြုံစွာဝိုင်းရံထားသလိုခံစားခဲ့ရတယ်" ဆိုပြီး ပြောခဲ့ပါတယ်။

ပြီးတော့ Armi အနေနဲ့မိခင်ရဲ့မျက်နှာကိုလှည့်ကြည့်လိုက်ပြီးတော့၊လုံးဝပြောင်းလဲသွားခဲ့ပါတယ်။ တစ်ခါတုန်းက နာကျင်မှုနဲ့ဝေဒနာခံစားခဲ့ရတဲ့မျက်နှာဟာ ယခုအချိန်မှာပျော်ရွှင်သာယာကြည်နူးနေခဲ့ပါတယ်။

Armi အနေနဲ့နောက်တစ်ပတ်မှာ သူ့ကျန်းမာရေးကိုစစ်ဆေးဖို့ပြန်လာမယ်လို့ကတိပေးခဲ့ပါတယ်။

Armiနဲ့သူ့သူငယ်ချင်းတို့ဟာ ဇနာရီကြာခြေလျင်ခရီးနဲ့အိမ်သို့ပြန်လာခဲ့ပါတယ်။သူတို့အနေနဲ့ ခြေလျင်ခရီးသွားရင်းဆုတောင်းခဲ့ကြပါတယ်။

မိခင်ကိုမစဖို့အတွက်ဆေးပညာဆိုင်ရာသတင်းအချက်အလက်တွေကိုရနိုင်ဖို့ ဘယ်လိုဖုန်းခေါ်လို့ရမလဲ။ လက်ကိုင်ဖုန်းအချက်ပြမှုဘယ်မှာရှာလို့ရမလဲ။ သူတို့ဟာ တောင်ပေါ်မှာနေထိုင်ခဲ့ကြလို့ လက်ကိုင်ဖုန်းအချက်ပြမှုကိုလနဲ့ချီပြီး မရရှိခဲ့ကြပါ။

အင်ဒိုနီးရှားနိုင်ငံ၊ပါပွားပြည်နယ်ကလက်လှမ်းမမီနိုင်တဲ့လူတွေအတွက်ဆုတောင်းပေးပါ။

ဒီ၁၃ပတ် ရဲ့အလှူငွေက ပါပွားပြည်နယ်မှာ၊ Papua Adventist Theology College ကစာသင်ခန်းတွေ၊ စီမံအုပ်ချုပ်ရေးအဆောက်အအုံတစ်ဆောင်၊စာကြည့်တိုက်တစ်ဆောင်နဲ့ခန်းမဆောင်တစ်ဆောင် ဆောက်လုပ်မှုအားဖြင့် သတင်းစကားပျံ့နှံ့စေရန် ကူညီပံ့ပိုးသွားမှာဖြစ်ပါတယ်။

အဲဒီကောလိပ်ဟာ ၂၀၁၉ ခုနှစ်မှာရေလွှမ်းမိုးမှုကြောင့် ကျောင်းဝန်းအဟောင်းပျက်စီးပြီးတဲ့နောက်၊ယခုတည်ရှိတဲ့Nabire မြို့သို့ ပြောင်းရွှေ့ခဲ့ပါတယ်။ လောလောလတ်လတ်၊ ကျောင်းသားတွေဟာမြော်လင့်ခြင်းတက္ကသိုလ်တစ်ခုကနေချေးငွေအားဖြင့်စီစဉ်တဲ့စာသင်ခန်းတွေမှာစာသင်နေကြပါတယ်။

လာမယ့်ဥပုသ်တော်နေ့မှာ၊ကောလိပ်အတွက်ကူညီထောက်ပံ့ဖို့သင်တို့အနေနဲ့အလှူငွေကိုရက်ရောစွာလှူဒါန်းဖို့ စီစဉ်နေကြတဲ့အတွက် ကျေးဇူးတင်ပါတယ်။

လာမဲ့ဥပုသ်နေ့မှာ၊ ကျန်ရှိသေးတဲ့ Armiဖြစ်ရပ်မှန်ဝတ္ထုကိုဆက်ပြီးနားဆင်ကြပါစို့။

-o-

## “၁၃ ပတ် ဥပုသ်တော်နေ့အစီအစဉ်”

| | |
|---|---|
| **နှုတ်ခွန်းဆက်စကား** | **- ဥပုသ်စာဖြေကျောင်းခေါင်းဆောင်** |
| **အဖွင့်သီချင်း** | **- “နှလုံးတွင်နေရောင်ထွန်းကျူး” မြန်မာ-၁၈၃၊CH-607** |
| **အဖွင့်ဆုတောင်း** | **-** |
| **အစီအစဉ်** | **-“ထူထပ်တဲ့တောထဲက အံ့ဩဖွယ်ဖြစ်ရပ် (အပိုင်း ၂)** |

**အလှူငွေကောက်ခံခြင်း -**
**အပိတ်သီချင်း - "ကြယ်အများရှိမည်လားကျူး" မြန်မာ- ၁၄၉၊ CH-626**

## "ထူထပ်တဲ့တောထဲက အံ့သြဖွယ်ဖြစ်ရပ်" (အပိုင်း- ၂)

ဇွန်လ (၂၈)ရက်၊ တင်ပြသူ - Armi အင်ဒိုနီးရှားနိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

လွန်ခဲ့တဲ့ဥပုသ်တော်နေ့မှာ - အင်ဒိုနီးရှားနိုင်ငံ၊ပါပွားပြည်နယ်က ထူထပ်တဲ့တောထဲကသာသနာပြုကျောင်းမှာကလေးတွေကို စာသင်ပေးတဲ့သာသနာပြုဆရာArmi အနေနဲ့၊လွန်ခဲ့တဲ့ ၇နှစ်တုန်းကသစ်ပင်ကျွတ်ထွက်ပြီး ပြုတ်ကျကာလမ်းမလျှောက်နိုင်တော့တဲ့၊ မိခင်ဆီသွားလည်ပတ်ဖို့ တောင်ပေါ်သို့ဇနာရီကြာ ခရီးရှည်ထွက်ခဲ့ရပါတယ်။သူနဲ့အခြားသာသနာပြုဆရာတစ်ဦးက မျှော်လင့်ချက်ကတော့သခင်ယေရှုဆီမှာပဲရှိကြောင်းမိခင်ကို ပြောပြခဲ့ပါတယ်။Armi နဲ့ သူ့သူငယ်ချင်းက လက်ကိုင်ဖုန်းကနေအချက်ပြဖို့ဆုတောင်းခဲ့ကြတယ်။ သူတို့ဟာမိခင်ရဲ့ဒဏ်ရာကိုကုသဖို့ဆေးဖက်ဆိုင်ရာအကြံပေးချက်ကို လိုအပ်နေကြပါတယ်။ ဒါပေမဲ့ တောထောင်ထူထပ်မှုကြောင့် ဖုန်းအချက်ပြမှုကို လနဲ့ချီမရခဲ့ကြပါ။

အံ့သြဖွယ်ဖြစ်ရပ်တစ်ခုတော့ ဖြစ်ပျက်ခဲ့ပါတယ်။ မိခင်ထံသွားလည်ပတ်ပြီးတဲ့နောက်မကြာခင်မှာပဲ၊သူ့သူငယ်ချင်းနဲ့အတူ၊ ပါပွားပြည်နည်ကနေအခြားနေရာသို့သွားလည်ပတ်ခဲ့စဉ် Armi ရဲ့ဖုန်းကမြည်လာခဲ့ပါတယ်။ အစကတော့၊Armi အနေနဲ့သူ့ဖုန်းကနှိုးဆော်ချက်ဖြစ်မယ်ဆိုပြီး ဂရုမစိုက်ခဲ့ပါ။ ဒါပေမဲ့ ဖုန်းကတချိန်လုံးမြည်နေလို့အိတ်ကပ်ထဲကဆွဲထုတ်ပြီးကြည့်လိုက်တော့၊ အီးမေးလ်တစ်ခုဝင်နေတာတွေ့ရပါတယ်။ ဆိုလိုတာကတော့သူ့လက်ကိုင်ဖုန်းက အဆက်အသွယ်ရလို့ပါပဲ။

Armi အနေနဲ့ချက်ချင်းပဲသူ့ခေါင်းကိုညွတ်ပြီး၊"အိုသခင်ဘုရား၊ကျေးဇူးတင်ပါတယ် ကျေးဇူးတင်ပါတယ်။ မိခင်ရဲ့ဒဏ်ရာကိုကုဖို့အတွက်အကြံပေးလို့ရတဲ့ပုဂ္ဂိုလ်ကို ဖုန်းခေါ်လို့ရအောင်မစတော်မူပါ" ဆိုပြီး ဆုတောင်းခဲ့ပါတယ်။

ဖုန်းနဲ့သူစကားပြောလို့ရခဲ့ပါတယ်။ Armi အနေနဲ့အခြေအနေကိုဖော်ပြပြီးတော့၊မိခင်ရဲ့ဒူးဒဏ်ရာအတွက် ကုသနည်းကို သူနာပြုဆရာမကရှင်းပြခဲ့ပါတယ်။ သူမအနေနဲ့ သူ့တောင်ပေါ်အိမ်မှာ သူရှိထားတဲ့ပဋိဇီဝဆေးကိုယူသွားပြီး၊ ဆေးသောက်ဖို့အကြံပြုခဲ့ပါတယ်။

ဖုန်းနဲ့စကားပြောတာ၂မိနစ်ကြာခဲ့ပြီး၊ အချက်ပြမှုကကွယ်ပျောက်သွားခဲ့ပါတယ်။ ဒါပေမဲ့အဲဒီအချိန်ဟာ အဖိုးတန်တဲ့အကြံဉာဏ်အတွက် လုံလောက်ခဲ့ပါတယ်။

နောက်၂လအတွင်းမှာ၊Armi နဲ့ သူ့သူငယ်ချင်းတို့ကအဲဒီမိခင်ကိုသူ့ မြက်တဲထဲမှာအပတ်တိုင်းသွားလည်ပတ်ခဲ့ကြပါတယ်။ သူတို့သွားလည်တဲ့အခါတိုင်းမှာ၊မိခင်ရဲ့ ဒဏ်ရာကိုဆေးခဲ့ကြပြီး၊ သူ့ဒူးဖောင်းကားလာတဲ့ရောဂါကူးစက်မှုအတွက် ပဋိဇီဝဆေးကိုပေးခဲ့ကြပါတယ်။သူတို့အနေနဲ့ပုံမှန်ဆုတောင်းဖို့ သူ့ကိုတိုက်တွန်းခဲ့ကြပါတယ်။

ပထမအကြိမ်မှာတော့၊"ကျွန်မကဘယ်သူ့ဆီမှာဆုတောင်းရမှာလဲ"ဆိုပြီးမေးခဲ့ပါတယ်။

"သခင်ယေရှုနာမည်ရှိတဲ့ပုဂ္ဂိုလ်ဆီမှာ ဆုတောင်းရမှာ" ဆိုပြီး Armiကပြောခဲ့ပါတယ်။

သူမဟာ သခင်ယေရှုနဲ့အကျွမ်းမဝင်လို့Armi ကကျမ်းစာပုံပြင်အားဖြင့်သူမကိုခရစ်တော်နဲ့မိတ်ဆက်ပေးခဲ့ပါတယ်။ သူ့အနေနဲ့သူမဒဏ်ရာကိုဆေးကြောပေးရင်း၊ယေရှုကအနာတွေကိုပျောက်ကင်းစေပြီး၊မျက်စိကန်းသူကိုပြန်မြင်စေနိုင်ကြောင်း ပြောပြခဲ့ပါတယ်။အိမ်နီးချင်းတွေဟာစောင့်ကြည့်ဖို့လာခဲ့ကြပြီး၊ပုံပြင်တွေကိုသူတို့က နားထောင်ခဲ့ကြပါတယ်။

အပတ်နဲ့ချီကြာသွားပြီး၊ ဒူးရောင်တာ တဖြည်းဖြည်းနဲ့ကျသွားကာ ဒဏ်ရာကသက်သာလာခဲ့ပါတယ်။ Armi နဲ့သူ့သူငယ်ချင်းတို့ဟာ ဘုရားသခင်ကိုကျေးဇူးတင်ခဲ့ပါတယ်။ဖြစ်ပျက်ခဲ့တဲ့အရာဟူသမျှဟာသူတို့ရဲ့ဆေးဖက်ဆိုင်ရာထက် ပိုကျော်လွန်ခဲ့ပါတယ်။

ပြီးတော့သာသနာပြုဆရာနှစ်ဦးတို့အနေနဲ့ ပါပွားပြည်နယ်ရဲ့အခြားနေရာမှာကတိပေးပြီးသားအလုပ်ရှိနေလို့ အဲ့ဒီမိခင်ဆီမရောက်ခဲ့ပါ။ ဒါပေမဲ့ တောထူထပ်တဲ့သာသနာပြုကျောင်းက သူတို့စာသင်ပေးနေတဲ့ကလေးတွေရဲ့ အထောက်အပံ့အားဖြင့် ကျန်းမာရေးအတွက်ကောင်းတဲ့အစားအစာနဲ့သဘာဝဆေးတွေကို သူမထံပေးပို့ခဲ့ကြပါတယ်။

နောက်ဆုံးမှာ၊သာသနာပြုဆရာ၂ဦးဟာ မိခင်ရွာသို့နောက်တကြိမ် ၈နာရီကြာတဲ့ခြေလျင်ခရီးထွက်ခဲ့ကြတဲ့အခါ၊သူ့ မြက်တဲရဲ့အပြင်မှာသူမကိုတွေ့မြင်ခဲ့ပါတယ်။Armi ဟာငို

ကြွေးခဲ့မိပါတယ်။ ၇နှစ်လုံးလုံးလမ်းလျှောက်မရတဲ့ မိခင်ဟာတုတ်ကောက်နဲ့သူ့တဲရဲ့ အပြင်မှာမတ်တတ်ရပ်နေခဲ့တာ မြင်ခဲ့ရပါတယ်။ သူ့မျက်စိကိုမယုံကြည်နိုင်လောက်အောင်ပါပဲ။

သူနဲ့သူ့သူငယ်ချင်းတို့ဟာပိုပြီးနီးကပ်လာသလို၊သူမကလမ်းလျှောက်တုတ်ကိုသုံးပြီး ထော့နဲ့ထော့နဲ့နဲ့ ခြေလှမ်းလှမ်းခဲ့ပါတယ်။

Armi နဲ့ သူ့သူငယ်ချင်းဟာ ငိုကြွေးခဲ့ပါတယ်။ "ဒီလိုဖြစ်နိုင်ပါ့မလား" ဆိုပြီး သူကပြောခဲ့ပါတယ်။

သူတို့သုံးဦးစလုံးတဲထဲမှာထိုင်ခဲ့ကြပါတယ်။ အဲဒီမိခင်မျက်နှာဟာပျော်ရွှင်မှုကျန်းမာမှုတွေနဲ့တောက်ပနေခဲ့ပါတယ်။ သူမအနေနဲ့သူ့စကားကိုနားလည်လို့ရအောင် လက်အမူအရာပြခဲ့ပြီးတော့၊ "ကျွန်မ ဆုတောင်းနေရင်း အနာပျောက်သွားခဲ့ပါတယ်။ ယေရှုကြောင့်ဖြစ်တယ်လို့ကျမယုံကြည်ခဲ့ပါတယ်။ သူဟာ ဘယ်သူလဲဆိုတာ ကျမနားမလည်ပေမဲ့၊ သင်တို့ကကျမအသက်တာထဲသို့ခေါ်ဆောင်လာခဲ့တဲ့အတွက်ကျေးဇူးတင်ပါတယ်" ဆိုပြီးသူမကပြောလိုက်ပါတယ်။

"ဒီအရာဟာအဆုံးမဟုတ်ပါ။ သင့်အနေနဲ့ ယေရှုက သင့်ကိုကုစားပေးတယ်လို့ယုံကြည်ရင်၊သူ့ကိုဆက်ယုံကြည်ပြီးတော့၊ သူ့စကားကိုနားထောင်ရမှာနော်" ဆိုပြီး Armi ကပြန်ပြောခဲ့ပါတယ်။

နောက်တစ်လကြာတဲ့အခါ၊အဲဒီမိခင်ဟာ လမ်းလျှောက်တုတတ်မသုံးတော့ပဲလမ်းလျှောက်လို့ရခဲ့တယ်။ သူ့အနာဟာလုံးဝမပျောက်ပေမဲ့၊ အိမ်မှာပုံမှန်အတိုင်း ကောက်ပဲသီးနှံစိုက်ပျိုးတဲ့ စိုက်ကွင်းမှာပြန်ပြီး အလုပ်လုပ်နိုင်ခဲ့ပါတယ်။

အိမ်နီးချင်းတွေကအံ့သြခဲ့ကြပါတယ်။ သူတို့ကသူမနဲ့အတူယေရှုထံဆုတောင်းဖို့စတင်ခဲ့ပါတယ်။ ပါပွားပြည်နယ်မှာ၊သာသနာပြုဆရာတစ်ဦးအနေနဲ့သူ့အချိန်မကုန်ခင်လေးမှာမိခင်နဲ့နောက်ဆုံးအကြိမ်ဆုံတွေ့ခဲ့ပါတယ်။ သူမအနေနဲ့ရိုးရာဓလေ့ဝတ်ပြုကိုးကွယ်မှုမှာငြိမ်းချမ်းမှုမခံစားရပေမဲ့ ယုံကြည်ပြီးဖွင့်ပြောခဲ့ပါတယ်။

"သင့်ဝတ်ပြုမှုမှာကျမပါဝင်လို့ရမလား" ဆိုပြီးသူမကမေးတဲ့အခါ၊"အမေရယ်၊သင့်ကိုလိုက်လှဲ့စွာကြိုဆိုပါတယ်။ဒါပေမဲ့ကျွန်ုပ်တို့ရဲ့အသင်းတော်ဟာဝေးလွန်းလှပါတယ်။ ၈ နာရီကြာတဲ့ခရီးကိုဘယ်လိုလမ်းလျှောက်လို့ရမလဲ" ဆိုပြီး Armi က ပြန်ပြောခဲ့ပါတယ်။

"သခင်ယေရှုဟာ ကျမကိုကုစားတဲ့ဘုရား ဖြစ်ပါတယ်။ သူ့ကို ကျွန်မဝတ်ပြုရမှာ။ လမ်းပြန်လျှောက်လို့ရအောင် မစခဲ့တဲ့အတွက် သူ့ကိုဝတ်ပြုဖို့အသင်းတော်သို့ ကျွန်မလမ်းလျှောက်ရမှာ" ဆိုပြီး သူမက ပြောခဲ့ပါတယ်။

အဲဒီမိခင်အနေနဲ့ခရီးရှည်လျှောက်ခဲ့ရပြီး၊ဥပုသ်နေ့တိုင်းဝတ်ပြုခြင်းအစီအစဉ်မှာပါဝင်ခဲ့ပါတယ်။သူမအနေနဲ့သူ့ကလေး၄ယောက်ကိုလဲ တောထူထပ်တဲ့သာသနာပြုကျောင်းမှာကျောင်းပို့ခဲ့ပါတယ်။

သူ့ကလေးတွေအပြင်အခြားကလေးတွေလည်းကျောင်းလာတက်လို့ Armiအနေနဲ့အံ့ဩမဆုံးဖြစ်ခဲ့ပါတယ်။အိမ်နီးချင်းတွေကသခင်ယေရှုရဲ့ဘုန်းတန်ခိုးတော်ကိုမျက်မြင်တွေ့ခဲ့ ကြလို့၊သူတို့အနေနဲ့သူတို့ရဲ့ကလေးတွေကိုလဲကိုယ်တော့်အကြောင်းသိစေချင်ခဲ့ပါတယ်။

"ကျွန်တော့်အတွက်မဖြစ်နိုင်တဲ့အရာဟာ သခင်ဘုရားအတွက်ဖြစ်နိုင်ပါတယ်။အဲဒီမိခင်အနေနဲ့ဆက်လက်ပြီးသစ္စာရှိဖို့အတွက် ကျွန်တော်ဆုတောင်းပေးပါတယ်" ဆိုပြီး Armi က ပြောခဲ့ပါတယ်။

ဒီ ၁၃ ပတ်ရဲ့ ဥပုသ်နေ့အလှူငွေက၊ ပါပွားပြည်နယ်မှာ Papua Adventist Theology College ကစာသင်ခန်းတွေ၊ စီမံအုပ်ချုပ်ရေး အဆောက်အအုံတစ်ဆောင်၊ စာကြည့်တိုက်တစ်ဆောင်နဲ့ ခန်းမဆောင်တစ်ဆောင်ဆောက်လုပ်ရာမှာ ကူညီပံ့ပိုးသွားမှာဖြစ်ပါတယ်။

အဲဒီကောလိပ်ဟာ ၂၀၁၉ ခုနှစ်မှာရေလွှမ်းမိုးမှုကြောင့် ကျောင်းဝန်းအဟောင်းပျက်စီးပြီးတဲ့နောက်၊ယခုတည်ရှိတဲ့Nabire မြို့သို့ ပြောင်းရွှေ့ခဲ့ပါတယ်။ လောလောလတ်လတ်၊ ကျောင်းသားတွေဟာ မြော်လင့်ခြင်းတက္ကသိုလ်တစ်ခုကနေ ချေးငွေအားဖြင့်စီစဉ်တဲ့စာသင်ခန်းတွေမှာစာသင်နေကြပါတယ်။

ယနေ့ ဥပုသ်တော်နေ့ ၁၃ ပတ်အလှူငွေအားဖြင့် မြန်မာနိုင်ငံမှာ စီမံကိန်း၂ခု - မူကြိုတစ်ဆောင်နဲ့ ဩဇာလွှမ်းမိုးမှုဌာနတစ်ဆောင်၊ ဘရူနိုင်းနိုင်ငံမှာကျန်းမာရေးဆေးခန်းတစ်ခုဆောက်လုပ်ရာမှာ ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။

သင်တို့ရက်ရက်ရောရောလှူဒါန်းတဲ့အလှူငွေအတွက် အထူးကျေးဇူးတင်ပါတယ်။

-ဝ-

569